INTERNATIONAL CRISIS GROUP

# မြန်မာနိုင်ငံမြောက်ပိုင်းမှ ပြည်တွင်းအိုးအိမ်စွန့်ခွာထွက်ပြေးရသူ များ နေရပ်ပြန်နိုင်ရေး အခွင့်အလမ်းပွင့်လာခြင်း

**Crisis Group Asia Briefing N°156**
ရန်ကုန်/ဘရပ်ဆဲလ်စ်၊ ၂၀၁၉ မေလ ၂၂ ရက်

**ဘာတွေ အသစ်ဖြစ်ပေါ်သလဲ။** မြန်မာအစိုးရ၏ ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးရသူများ (IDPs) (စစ် ဘေးရှောင်) စခန်းများပိတ်သိမ်းရန် ဆန္ဒရှိမှုနှင့် မြန်မာတပ်မတော်၏ တဖက်သတ်အပစ်ရပ်မှုတို့သည် နိုင်ငံမြောက်ပိုင်းရှိ လက်နက်ကိုင်ပဋိပက္ခကြောင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရသူများ ပြန်လာရန် သို့မဟုတ် ပြန်လည်အခြေချရန် အခွင့်အလမ်းကို ဖြစ်ပေါ်စေသည်။ အစီအစဉ် မည်သို့ အကောင်အထည်ဖော်မည်ဆိုသည်ကို များပြားသော ကချင်တိုင်းရင်းသားစစ်ဘေးရှောင်များအား ကိုယ်စားပြုသည့် လူထု အခြေပြုအဖွဲ့အစည်းများနှင့် စတင်ဆွေးနွေးလျက်ရှိသည်။

**ဘာကြောင့်အရေးကြီးသလဲ။** စစ်ဘေးရှောင်ဦးရေ ၁၀၀,၀၀၀ ကျော်သည် နွမ်းပါးမှုနှင့် ညှဉ်းပန်းနှိပ်စက် ခံရရန် အကာအကွယ်မဲ့နေခြင်းတို့ အမြစ်တွယ်နေသည့် နိုင်ငံမြောက်ပိုင်းရှိ စခန်းများတွင် ၇ နှစ်ခန့် နေထိုင်ခဲ့ရသည်။ မကြာသေးမီက တိုးတက်ပြောင်းလဲမှုများသည် အချိန်တိုအတွင်း စစ်ဘေးရှောင် အရေအတွက်အနည်းငယ် စခန်းများမှ ထွက်ခွာနိုင်ခွင့်ရရှိနိုင်ပြီး အရေအတွက်များစွာ လိုက်ပါထွက်ခွာရန် လမ်းခင်းပေးသည့် သဘောဖြစ်သည်။

**ဘာတွေ လုပ်ဆောင်သင့်သလဲ။** မြန်မာ့တပ်မတော်သည် ၎င်း၏ အပစ်ရပ်မှုကို အချိန်အကန့်အသတ်မရှိ တိုးချဲ့သင့်ပြီး ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) သည်လည်း နှစ်ဦးသဘောတူညီချက်ရရှိရေးကို ဦး တည်ကာ ဇွဲစပ်ဆွေးနွေးမှုများကို လုပ်ဆောင်သင့်သည်။ အရပ်သားအစိုးရသည် စစ်ဘေးရှောင်များ နေ ရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထားရေးအတွက် တာဝန်ရှိမှုကို လက်ခံရမည်ဖြစ်ပြီး လူထုအခြေပြုအဖွဲ့

အစည်းများ၊ အလှူရှင်များနှင့်အတူ လုပ်ဆောင်ခြင်း၊ ဘေးကင်းလုံခြုံမှု၊ ဆန္ဒအလျောက်ဖြစ်မှုနှင့် သိက္ခာ ရှိသော လုပ်ငန်းစဉ်ဖြစ်စေရန် အထောက်အကူဖြစ်မည့် အကောင်းဆုံးလုပ်နည်းလုပ်ဟန်များကို လေ့ လာခြင်းတို့အား ဆောင်ရွက်ရမည်။

## I. ခြုံငုံကြည့်ရှုခြင်း

လွန်ခဲ့သော ၇ နှစ်အတွင်း အဓိကအားဖြင့် မြန်မာစစ်တပ်နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) တို့ အကြား ဖြစ်ပွားခဲ့သော ပဋိပက္ခကြောင့် အိုးအိမ်စွန့်ခွာ တိမ်းရှောင်ခဲ့ရသော ဒုက္ခသည် ၁၀၀,၀၀၀ ခန့် သည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပြည်တွင်းစစ်ဘေးရှောင်စခန်းများတွင် နေထိုင်ခဲ့ရ သည်။ မကြာသေးမီက တိုးတက်ဖြစ်ပေါ်မှုအတော်များများသည် အဆိုပါ စစ်ဘေးရှောင် အရေအတွက် အနည်းငယ်ကို ၎င်းတို့၏ နေအိမ်များသို့ ပြန်သွားရန် သို့မဟုတ် နေရာသစ်များတွင် ပြန်လည်နေရာချ ထားရန် အလားအလာရှိသော လမ်းပွင့်သွားမှုကို ဖြစ်ပေါ်စေခဲ့သည်။ ၂၀၁၈ ဇွန်လတွင် မြန်မာအစိုးရက နိုင်ငံတဝှမ်းရှိ ပြည်တွင်း စစ်ဘေးရှောင်စခန်းများကို ပိတ်မည့် အစီအစဉ်များကို ကြေညာခဲ့ပြီး ၂၀၁၈ ဒီဇင်ဘာလတွင် မြန်မာစစ်တပ်က ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း အကြုံးဝင်သည့် ၂၀၁၉ ဧပြီလအထိ တဖက်သတ်အပစ်ရပ်မှုကို ကြေညာခဲ့သည်။ နောက်ပိုင်းကြေညာချက်တွင် စစ်ဘေးရှောင် များအား ၎င်းတို့လာခဲ့သည့် ဒေသသို့ ပြန်နိုင်ရန် အကူအညီပေးမည့် ကတိပါဝင်သည်။ အဆိုပါ အပစ် ရပ်မှုကို ၂၀၁၉ ဇွန်လ ၃၀ ရက်အထိ နောက်ထပ်နှစ်လ တိုးချဲ့ထားသည်။

မြန်မာစစ်တပ်၏ အပစ်ရပ်ကြေညာချက်သည် ကေအိုင်အိုနှင့် နှစ်ဖက်သဘောတူညီမှုကို မရနိုင် သေးသည့်တိုင် စစ်ဘေးရှောင်များ နေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထားရေးကို မြင့်တက်လာစေရန် သိသိသာသာ လမ်းပွင့်မှုကို ဖြစ်ပေါ်စေသည်။ စစ်ဘေးရှောင်များ ဘေးကင်းစွာနှင့် ဆန္ဒအလျောက် ပြန် လာရေး သို့မဟုတ် ပြန်လည်အခြေချရေးကိစ္စများစွာတွင် မဖြစ်မနေလိုအပ်သော မြန်မာစစ်တပ်၏ မိုင်း ရှင်းလင်းမှု၊ တပ်ဖွဲ့များ ဆုတ်ခွာရေး ညှိနှိုင်းရန် လိုလားမှု အပါအဝင် အကူအညီပေးမှု အလားအလာ သည် တိုးတက်မှုအတွက် အလားအလာသစ်ကို ဖန်တီးပေးသည်။

ထို့အပြင် တပြိုင်နက်အနေဖြင့် စစ်ဘေးရှောင်များ ယခင်အိမ်သို့ပြန်လာရေး သို့မဟုတ် နေရာ သစ်များတွင် ပြန်လည်နေရာချထားရေးအတွက် ကချင်တိုင်းရင်းသားခေါင်းဆောင်များအကြား ကူညီပံ့ပိုး နိုင်ရေးကို တည်ဆောက်နေသည်။ အပစ်အခတ်ရပ်စဲမှု မကြေညာမီကပင် စစ်ဘေးရှောင်များ နေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထားရေးကို စတင်ရန် ကချင်တိုင်းရင်းသားခေါင်းဆောင်များက ကြိုတင်ပြင် ဆင်နေခဲ့ကြသည်။ အဆိုပါကြိုးပမ်းမှုများ အရှိန်မြှင့်တင်ရန် သင့်တော်မည့်အချိန်ကို မဆုံးဖြတ်နိုင်သေးသော်လည်း မကြာသေးမီက လများအတွင်း ၎င်းတို့သည် အဆိုပါကိစ္စတွင် အရပ်သားအစိုးရ၊ စစ်ဖက် အာဏာပိုင်များနှင့် အတူလုပ်ဆောင်ရန် လိုလားမှုကို ရှင်းရှင်းလင်းလင်းပြသထားကြသည်။ မကြာခင် သော ကာလအတွင်း မူရင်းနေရပ်သို့ပြန်ရန် သို့မဟုတ် ပြန်လည်နေရာချထားရေအတွက် ဖြစ်နိုင်သော စစ်ဘေးရှောင် ၆,၀၀၀ နှင့် ၁၀,၀၀၀ အကြားရှိသည်ဟုလည်း အချို့က လူသိရှင်ကြားခန့်မှန်းထားသည်။

အဆိုပါ အခွင့်အလမ်းများအား အရယူ၍ လုပ်ဆောင်ခြင်းသည် အချို့စစ်ဘေးရှောင်များအနေဖြင့် ၎င်းတို့၏ ဘဝကို ပြန်လည်တည်ဆောက်ရေးအတွက် စတင်နိုင်စေရုံသာမကပဲ၊ စစ်တပ်နှင့် အစိုးရက တဖက် အခြားတဖက်တွင် ကချင်လွတ်မြောက်ရေးအဖွဲ့နှင့် ကချင်လူထုအခြေပြုအဖွဲ့အစည်းများအကြား ယုံကြည်မှုတည်ဆောက်ခြင်း အစီအစဉ်အဖြစ် လုပ်ဆောင်ပေးသည့်အပြင် အနာဂတ်တွင် စစ်ဘေး ရှောင်များ ပမာဏကြီးမားစွာ ပြန်နိုင်ရန်အတွက် အခြေအနေများကိုလည်း ကူညီဖန်တီးပေးသည်။ သို့ ရာတွင် အချို့သော အပစ်ရပ်မှုအလွန် အစိုးရနှင့် တပ်မတော်၏ ကနဦးလုပ်ဆောင်မှုများအနက် စစ်ဘေး ရှောင်စခန်းများတွင် တက်သုတ်ရိုက် စစ်တမ်းကောက်မှုများနှင့် တပ်မတော်က ဦးဆောင်သော ပြန်လည်နေရာချထားရေးလုပ်ဆောင်မှုများသည် စစ်ဘေးရှောင်များ၏ ဘေးကင်းလုံခြုံရေးကို လုံလောက်သော ထည့်သွင်းစဉ်းစားမှုမရှိပဲ လုပ်ဆောင်ခဲ့ခြင်းများသည် ယုံကြည်မှုပျက်ပြားခြင်းကို ဖြစ်စေပြီး တိုးတက်မှု အလားအလာများကို အားနည်းအောင် ခြိမ်းခြောက်နေသည်။ လက်ရှိ လမ်းပွင့်လာမှုကို အကောင်းဆုံး အသုံးချနိုင်ရန်နှင့် ရှေ့ဆက်တိုးချဲ့လုပ်ဆောင်နိုင်ရန် အထောက်အကူဖြစ်စေရေးအတွက် မြန်မာစစ်တပ်သည် အပစ်အခတ်ရပ်စဲမှုကို အချိန်အကန့်အသတ်မရှိ တိုးချဲ့သင့်ပြီး

ကေအိုင်အိုသည်လည်း နှစ်ဖက်သ ဘောတူညီချက်ရရှိအောင် စေ့စပ်ဆွေးနွေးမှုများကို ဆက်လက်လုပ်ဆောင်သင့်သည်။ အရပ်သားအစိုးရ သည် စစ်ဘေးရှောင်များ နေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထားရေးအတွက် တာဝန်ရှိမှုကို လက်ခံရ မည်ဖြစ်ပြီး အာဏာပိုင်များအနေနှင့် စစ်ဘေးရှောင်များ၏ ယုံကြည်မှုကို တိုးတက်ရရှိနိုင်မည့် အစီအစဉ် မျိုးကို ဖန်တီးရန်အတွက် လူထုအခြေပြုအဖွဲ့အစည်းများ၊ အလှူရှင်များနှင့် အတူတကွ လုပ်ဆောင်သင့် သည်။

## II. နေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထားရေးအတွက် ကြီးထွားလာသည့် တွန်းအားများ

မြန်မာစစ်တပ်နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့အကြား ၂၀၁၁ ဇွန်လက ပဋိပက္ခ ဖြစ်ပွားမှုသည် ၁၇ နှစ် ကြာ အပစ်အခတ်ရပ်စဲမှုကို ဆုံးခန်းတိုင်စေခဲ့သည်။ အရေအတွက်သောင်းနှင့်ချီသော ဒေသခံပြည်သူ များသည် ယနေ့အထိရှိနေဆဲဖြစ်သော စစ်ဘေးရှောင်စခန်းများတွင် ချက်ခြင်းတိမ်းရှောင်ခိုလှုံခဲ့ကြရ သည်။ တစ်နှစ်အတွင်း စစ်ဘေးရှောင်အရေအတွက်သည် ၁၀၀,၀၀၀ ဝန်းကျင်သို့ ရောက်ရှိသွားခဲ့သည်။ ကုလသမဂ္ဂ၏ အဆိုအရ ၂၀၁၈ နှစ်ကုန်တွင် အစိုးရထိန်းချုပ်မှုမရှိသော နယ်မြေများတွင် ၄၀ ရာခိုင် နှုန်းခန့် တည်ရှိသည့် ကချင်ပြည်နယ် စစ်ဘေးရှောင်စခန်း သို့မဟုတ် စခန်းဟုဆိုရမည့်နေရာ ၁၄၀ တွင် လူပေါင်း ၉၇,၀၀၀ ခန့် နေထိုင်နေပြီး ရှမ်းပြည်နယ်မြောက်ပိုင်းတွင် လူပေါင်း ၉,၀၀၀ ခန့် အိုးအိမ်စွန့်ခွာ တိမ်းရှောင်ကာ စစ်ဘေးရှောင်စခန်း ၃၀ ခန့်တွင် နေထိုင်လျက်ရှိသည်။[1] စစ်ဘေးရှောင်များအနက် က ချင်ပြည်နယ်မှ ၇၆ ရာခိုင်နှုန်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ ၇၈ ရာခိုင်နှုနန်းမှာ အမျိုးသမီးများနှင့် ကလေးများ ဖြစ်ကြသည်။[2]

[1] "Myanmar: IDP Sites in Kachin and Northern Shan States (31 December 2018)", UN Office for the Coordination of Humanitarian Affairs (UNOCHA), 24 January 2019.
[2] "Gender Profile for Humanitarian Action, and across the Humanitarian-Peace-Development Nexus: Rakhine, Kachin and Northern Shan", Myanmar Information Management Unit, 24 January 2019.

ပဋိပက္ခသည် ပြင်းထန်သော တိုက်ပွဲငယ်များ ကြိုကြားကြိုကြားဖြစ်ပွားနေမှုနှင့်အတူ ကာလရှည် ကြာကာ ယနေ့တိုင်ရှိနေသည်။ တိုက်ပွဲများကြောင့် ၂၀၁၈ ပထမနှစ်ဝက်အတွင်း ကချင်ပြည်နယ် ၈ မြို့နယ်တွင် ခန့်မှန်းခြေ လူပေါင်း ၁၄,၀၀၀ ခန့် ယာယီအားဖြင့် တိမ်းရှောင်ခဲ့ကြရသည်။ သို့ရာတွင် ၂၀၁၈ မေလကတည်းက အကြီးစားတိုက်ပွဲဖြစ်ပွားမှု သတင်းများ မရှိတော့ပေ။

ထိုသို့သော အခြေအနေမျိုးတွင် အကြောင်းအချက်များ ပေါင်းဆုံလာမှုသည် စစ်ဘေးရှောင်များ နေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထားရေးအတွက် တွန်းအားများကို ဖန်တီးဖြစ်ပေါ်စေသည်။ မူလ ရပ်ရွာနေအိမ်များနှင့် ၇ နှစ်ကျော် ကင်းကွာနေခဲ့ပြီးနောက် စစ်ဘေးရှောင်စခန်းများတွင် ကာလရှည် ခိုလှုံခဲ့ရသူများသည် နောက်ထပ်ပိုမိုရှည်ကြာသည့် အိုးအိမ်မဲ့ဖြစ်မှုကို ရှောင်ရှားရန် ဆန္ဒပြင်းပြနေကြ သည်။[3] အကူအညီပေးခြင်းများအပေါ် NLD အစိုးရ၏ ကန့်သတ်မှုများသည် စစ်ဘေးရှောင်များအတွက် လူသားချင်းစာနာမှုအကူအညီများ မရရှိမှုကို ပိုဆိုးစေပြီး စခန်းများရှိ ဘဝများကို ပိုမိုခက်ခဲသွားစေ သည်။ ၂၀၁၆ ဇွန်လနောက်ပိုင်းတွင် အစိုးရသည် ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများ အား အစိုးရထိန်းချုပ်မှုမရှိသော နယ်မြေများသို့ သွားရောက်ခွင့်ကို တားမြစ်ခဲ့ရာ အစိုးရထိန်းချုပ်သော နယ်မြေများသို့ပင် သွားရောက်ရန် ပိုမိုခက်ခဲလာခဲ့သည်။[4] သို့သော်လည်း ပြည်တွင်း လူသားချင်းစာနာ သော အကူအညီပေးရေး မိတ်ဖက်အဖွဲ့များနှင့် ရပ်ရွာအဖွဲ့အစည်းများသည် နိုင်ငံတကာအလှူရှင်များ လက်လှမ်းမမီသောနယ်မြေများတွင် အကူအညီ ပေးနိုင်ခဲ့သော်လည်း စစ်ဘေးရှောင်များ၊ အထူးသဖြင့် အစိုးရထိန်းချုပ်မှုမရှိသော နယ်မြေများမှ စစ်ဘေးရှောင်များမှာ လုံလောက်သော အထောက်အပံ့ကို မရရှိကြပဲ စားနပ်ရိက္ခာ မလုံလောက်မှုနှင့် အခြေခံလိုအပ်သောအရာများ ဝယ်ယူရန် ငွေမရှိမှုတို့ကို ကြုံတွေ့ကြရသည်။

[3] Crisis Group က ကချင်လူထုအခြေပြုအဖွဲ့အစည်းများ၊ အင်န်ဂျီအိုဝန်ထမ်းများနှင့် တွေ့ဆုံမေးမြန်းခြင်းများ၊ ရန်ကုန်၊ ဖေဖော်ဝါရီ ၂၀၁၉။ "Kachin and Northern Shan State Context and Vulnerability Review", HARP Facility, October 2018, p. 6. ကိုလည်းကြည့်။

[4] "2019 Humanitarian Response Plan", Humanitarian Country Team, p. 14.

စစ်ဘေးရှောင်စခန်းများမှ အခြေအနေများသည် အခြားအကြောင်းအချက်များကြောင့်လည်း ပိုမို ဆိုးဝါးလာနေသည်။ နေစရာအိမ်များနှင့် အခြားအခြေခံအဆောက်အဦများမှာ ဆိုးရွားသော အခြေအနေတွင်ရှိသည်။ မိသားစုများ၏ စီးပွားရေးအခြေအနေ ပိုမိုပျက်ယွင်းလာသည့်အလျှောက် အမျိုးသမီး များနှင့် မိန်းကလေးငယ်များမှာ အချိန်မတန်မီ သို့မဟုတ် အဓမ္မလက်ထပ်ခံရခြင်းမှတဆင့် လူကုန်ကူး ခံရမှုနှင့် အမြတ်ထုတ်ခံရမှုများ ကြုံတွေ့ရမည့်အန္တရာယ် ပိုမိုမြင့်တက်လာကြောင်းနှင့် အခြား စစ်ဘေး ရှောင်အများစုမှာလည်း အလုပ်ရှာရန်အတွက် တရုတ်နိုင်ငံဖက်သို့ အန္တရာယ်များသည့် တရားမဝင် ရွှေ့ပြောင်းနေထိုင်မှု ပြုလုပ်ရတော့မည့် အနေအထားသို့ တွန်းပို့ခံနေရသည်ဟု ခံစားနေရကြောင်းကို ပြည်တွင်းစောင့်ကြည့်လေ့လာသူများက စိုးရိမ်မကင်း ထုတ်ဖော်ပြောဆိုလာခဲ့သည်။ မူးယစ်ဆေးဝါး သုံးစွဲမှုနှင့် ကျား၊ မ အပေါ် အခြေခံ၍ဖြစ်သော အကြမ်းဖက်မှုများလည်း မြင့်တက်လာသည်ဟု သိရှိရသည်။[5]

များသောအားဖြင့် ကျေးလက်ဒေသများမှ ရောက်ရှိလာကြပြီး ယခင်က တောင်သူများဖြစ်ခဲ့သော စစ် ဘေးရှောင်အများစုအကြားတွင် ၎င်းတို့စိုက်ပျိုးခဲ့သော လယ်ယာမြေများ၏ အခြေအနေနှင့် ပတ်သက်၍ စိုးရိမ်မှုများလည်း မြင့်တက်နေသည်။[6] တရားဝင် မြေပိုင်ဆိုင်မှု အထောက်အထားရှိသူများမှာ အနည်းစု ဖြစ်ပြီး အများစုမှာ စစ်ဘေးမရှောင်မီက အလွတ်သဘော အစီအမံများဖြင့် မြေယာကို လုပ်ကိုင်ခဲ့ကြရာ ၎င်းတို့၏ ပိုင်ဆိုင်ကြောင်း သက်သေမှာလည်း ရပ်ရွာအသိအမှတ်ပြုမှုအပေါ်တွင် အခြေခံခြင်းဖြစ် သည်။[7] စစ်ဘေးရှောင်များ ယခင်ကလုပ်ကိုင်ခဲ့သည့်

---

[5] 2019 Humanitarian Response Plan, p. 13; see, for example, "Hopelessness breeds drug addiction among Kachin IDPs", *Frontier Myanmar*, 13 December 2016; and "Women targeted by rampant human trafficking in Kachin", *Frontier Myanmar*, 11 December 2017. Crisis Group က အမျိုးသမီးများ ဦးဆောင်သော လူထုအခြေပြုအဖွဲ့အစည်းများ၊ နိုင်ငံတကာ အန်ဂျီအိုများအပါအဝင် ဒေသတွင်းကို အာရုံပြုသော လူထုအခြေပြုအဖွဲ့အ စည်းများအား တွေ့ဆုံမေးမြန်း၊ ရန်ကုန်၊ ၂၀၁၉ ဖေဖော်ဝါရီ။

[6] Crisis Group က ကချင်လူထုအခြေပြုအဖွဲ့အစည်းများ၊ အင်န်ဂျီအိုဝန်ထမ်းများနှင့် တွေ့ဆုံမေးမြန်းခြင်းများ၊ ရန်ကုန်၊ ဖေဖော်ဝါရီ ၂၀၁၉။

[7] စစ်တမ်းတစ်ခုတွင် စစ်ဘေးရှောင် ၅၅ ရာခိုင်နှုန်းသည် နေအိမ်များကို စွန့်ခွာထွက်ပြေးခြင်းမပြုမီ လက်ရှိစနစ်အရ ယခင်က မြေအသုံးပြု ခဲ့ကြောင်း အထောက်အထားအဖြစ် အသုံးပြုနိုင်သည့်

စိုက်ပျိုးမြေများကို အထူးသဖြင့် အစိုးရလုံခြုံရေး တပ်ဖွဲ့များနှင့် စိုက်ပျိုးရေးကုမ္ပဏီကြီးများက တရားဝင်နှင့် တရားမဝင် နှစ်မျိုးစလုံးဖြင့် အပိုင်စီးထား ကြကြောင်းကို ထွက်ပေါ်နေသည့် သတင်းများက ညွှန်ပြနေသည်။[8]

တချိန်တည်းမှာပင် ၂၀၁၂ ခုနှစ်က စတင်ခဲ့သော ဥပဒေဆိုင်ရာ အပြောင်းအလဲများက စစ်ဘေး ရှောင်များ ယခင်ကလုပ်ကိုင်ခဲ့သည့် စိုက်ပျိုးမြေများ၏ ခိုင်မာမှုမရှိသော ရပိုင်ခွင့်များကို ပိုမိုအားနည်း သွားစေခဲ့သည်။ အဆိုပါ ဥပဒေပိုင်း အပြောင်းအလဲများအရ အသိအမှတ်ပြု လယ်ယာလုပ်ငန်းအတွက် အသုံးပြုနေသော မြေကိုသာ ပိုင်ဆိုင်မှုအတွက် မှတ်ပုံတင်နိုင်သည်။ ထို့အပြင် အသုံးပြုနေခြင်း မရှိသော မြေကို မြေလွတ်အဖြစ် နိုင်ငံတော်က သတ်မှတ်နိုင်ပြီး အခြားသူများအား ခွဲတမ်းချပေးနိုင်သည်။ အဆိုပါ စည်းကမ်းချက်များသည် ယခင်က စိုက်ပျိုးခဲ့သောမြေများကို နှစ်အတန်ကြာ ပစ်ထားခဲ့ရသည့် စစ်ဘေး ရှောင်များစွာ၏ ဆုံးရှုံးနစ်နာမှုကို ဖြစ်ပေါ်စေသည်။[9]

ထို့အပြင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း စီမံခန့်ခွဲမှုဥပဒေအပေါ် မကြာသေးမီက ပြင်ဆင်ချက် များက စစ်ဘေးရှောင်များ၏ စိုးရိမ်ပူပန်မှုများကို ပိုတိုးလာစေသည်။ ၂၀၁၈ နှစ်ကုန်ပိုင်းတွင် မှန်ကန်စွာ မှတ်ပုံတင်ထားကြောင်း သေချာအတည်ပြုရန် ၂၀၁၉ မတ်လ ၁၁ ရက်ကို နောက်ဆုံးရက်အဖြစ် သတ် မှတ်သည့် အမိန့်ကြော်ငြာစာကို ဥပဒေအရ အစိုးရက ထုတ်ပြန်ခဲ့သည်။ ထိုရက်ကျော်လွန်ပါက မြေ လွတ်၊ မြေလပ်နှင့် မြေရိုင်းအဖြစ် သတ်မှတ်ခံရသော မြေမှန်သမျှတွင် စိုက်ပျိုးနေသူများသည် ဖယ်ရှား ခံရမှုကို ရင်ဆိုင်ရမည်ဖြစ်ပြီး ကျူးကျော်မှုအတွက် ထောင်ဒဏ် ၂ နှစ် ချမှတ်ခံရဖွယ်ရှိသည်။[10]

---

စာရွက်စာတမ်း မရှိကြကြောင်းတွေ့ရှိရသည်။ အများစုမှာ ပြေးရင်းလွှားရင်း ပျောက်ဆုံးခဲ့သောကြောင့် စုစုပေါင်း ၈၄ ရာခိုင်နှုန်းမှာ မြေပိုင်ဆိုင်မှု အထောက်အထား မရှိကြပေ။ "Housing, Land and Property 2018 Baseline Assessment in Kachin State", UN High Commissioner for Refugees and UN Development Programme, pp. 32-33 ကိုကြည့်။

[8] "Displaced and Dispossessed", Durable Peace Programme, May 2018, p. 9. See also, for example, "Kachin's plantation curse", *Frontier Myanmar*, 17 January 2019.

[9] "Housing, Land and Property 2018 Baseline Assessment in Kachin State", UN High Commissioner for Refugees and UN Development Programme, p. 7.

[10] Crisis Group က ကချင်လူထုအခြေပြုအဖွဲ့အစည်းများ၊ အင်န်ဂျီအိုဝန်ထမ်းများနှင့် တွေ့ဆုံမေးမြန်းခြင်းများ၊ ရန်ကုန်၊ ဖေဖော်ဝါရီ ၂၀၁၉။ ၎င်းနောက်ဆုံးသတ်မှတ်ရက်သည် ကျယ်ကျယ်ပြန့်ပြန့် သက်ရောက်မှု မရှိသေးသည့်အပြင် ပြင်ဆင်မှုအဆင့်နှင့် ပတ်သက်၍ ရှုတ် ထွေးမှုများ ရှိနေသည်။ ဥပမာအတွက် "Dispossessed: The human toll of Myanmar's land crisis", *Frontier Myanmar*, 8 April 2019. ကို ကြည့်ပါ။

အဆိုပါအချက်များနှင့် အခြားအကြောင်းအချက်များသည် အစိုးရ၏ ပံ့ပိုးမှု သို့မဟုတ် ဘာသာရေး အဖွဲ့အစည်းများ၏ အထောက်အပံ့ဖြင့် ဒုက္ခသည်စခန်းများမှ ထွက်ခွာလိုသော စစ်ဘေးရှောင်များ အရေ အတွက်ကို သိသာစွာ တိုးလာစေသည်။ ၂၀၁၄ တွင် ပထမဆုံး အသေးစား ထွက်ခွာမှုများ ရှိခဲ့သည်ဟု ကြားသိရသော်လည်း ၂၀၁၈ တွင် အကြိမ်အရေအတွက် မြင့်တက်လာခဲ့ခြင်းဖြစ်သည်။[11] ငွေကြေး တတ်နိုင်သော စစ်ဘေးရှောင်အချို့က အနာဂတ်တွင် အခြေချရန် ရည်ရွယ်ချက်ဖြင့် ၎င်းတို့စခန်းအနီးမှ မြေများကို ဝယ်ယူခဲ့ကြသည်။[12]

## III. ငြိမ်းချမ်းရေးအတွက် နိုင်ငံရေးစိတ်စေတနာနှင့် အလားအလာများ

၂၀၁၈ အစောပိုင်းမှစ၍ မြန်မာနိုင်ငံတဝှမ်းမှ စစ်ဘေးရှောင်များ နေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချ ထားရေးကို မြန်မာ့နိုင်ငံရေးခေါင်းဆောင်များက ပိုမိုဦးစားပေးဆောင်ရွက်လာခဲ့ကြသည်။ အစိုးရနှင့် စစ်တပ်အတွက် နိုင်ငံရေးကို အခြေခံကာ အကြောင်းပြစဉ်းစားမှုသည် အတော်အတန် ရိုးရှင်းသည်။ စစ်ဘေးရှောင်များသည် ပဋိပက္ခ မဖြေရှင်းနိုင်သေးခြင်းအတွက် မြင်သာသည့် လက္ခဏာတစ်ခုဖြစ်သည်။ သို့ရာတွင် စစ်ဘေးရှောင်များ လျော့နည်းလာခြင်းကလည်း ပဋိပက္ခလျော့ပါးလာမှုကို ပြသလျက်ရှိသည်။ ၂၀၁၈ ဇွန်လတွင် နေပြည်တော်အစိုးရသည် တစ်နိုင်ငံလုံး စစ်ဘေးရှောင်စခန်းများ ပိတ်သိမ်းရေး မဟာဗျူဟာကို စတင်လုပ်ဆောင်လာခဲ့သည်။[13]

---

[11] ဥပမာ ၂၀၁၈ ဇွန်လတွင် အစိုးရက ဝိုင်းမော်မြို့နယ် ဆင်ခြေဖုံးဒေသများ၌ အိမ်ထောင်စု ၁၀၀ ခန့်ကို ပြန်လည်နေရာချထားပေးခဲ့သည်။ "Kachin State refugees resettled in Myanmar government-provided housing", Radio Free Asia, 19 June 2018.

[12] Crisis Group က လူသားချင်းစာနာသော အကူအညီပေးရေးအဖွဲ့ နှင့် လူထုအခြေပြုအဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် တွေ့ဆုံမေး မြန်းခြင်းများ၊ ရန်ကုန်၊ ဖေဖော်ဝါရီ ၂၀၁၉။

[13] ၎င်း။ မဟာဗျူဟာသည် ကချင်၊ ရှမ်း၊ ရခိုင်နှင့် ကရင်ပြည်နယ်များကို လွှမ်းခြုံသည်။ နိုင်ငံတကာ ကျွမ်းကျင်သူ ဝေါလ်တာကယ်လင်းက ယင်းမဟာဗျူဟာကို အကြံပေးနေပြီး အစိုးရက လူသားချင်းစာနာမှု အကူအညီပေးရေး မိတ်ဖက်များ၊ အခြားအုပ်စုများနှင့် အလုပ်ရုံဆွေး နွေးပွဲများကို စီစဉ်ပြုလုပ်သည်။ မဟာဗျူဟာ မည်သည့်အချိန်တွင် ထုတ်ပြန်မည်ကို မသိရသေးသော်လည်း အပြီးသတ်ရေးသားထားမှု အပေါ်တွင် မူတည်ပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ အရပ်သားများ နေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထားရေးအတွက် လမ်းကြောင်းတစ်ခုကို ဖန်တီးပေးနိုင်မည် ဖြစ်သည်။ သို့ရာတွင် ကုလသမဂ္ဂက ၂၀၁၈ နိုဝင်ဘာ အလုပ်ရုံဆွေးနွေးပွဲတွင် ပြသသော မူကြမ်း အပေါ် ပြင်ဆင်ချက်များ အဆိုပြုထားသည်။

သို့ရာတွင် ဤလုပ်ငန်းစဉ်မှ မည်သည့်အရာများ ထွက်ပေါ်လာသည်ဖြစ်စေ၊ နေပြည်တော်မှ ချမှတ် သော မူဝါဒသည် ယခုအချိန်အထိ ကချင်စစ်ဘေးရှောင်ပြဿနာများ ဖြေရှင်းရေးအတွက်သာ ဖြစ်နေ သည်။ အစိုးရ ဦးဆောင်သော နေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များသည် ကချင် လူထုအခြေပြုအဖွဲ့အစည်းများနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုလိုအပ်သည်။ စစ်ဘေးရှောင် အများ စုက မြန်မာအစိုးရနှင့် တပ်မတော်ကို ယုံကြည်မှုမရှိသော်လည်း ကချင် ဘာသာရေးခေါင်းဆောင်များနှင့် အဖွဲ့အစည်းများသည် စစ်ဘေးရှောင် အသိုင်းအဝိုင်းအပေါ် ဩဇာလွှမ်းမိုးမှုရှိပြီး ထိုသို့ ဩဇာရှိမှု အ ကြောင်းရင်းတွင် ပြီးခဲ့သော ၇ နှစ်လုံး သိသာထင်ရှားသော ရုပ်ဝတ္ထုရင်းမြစ်များနှင့် စိတ်ဓာတ်ရေးရာ အားပေးမှုတို့ ရှိခဲ့ခြင်းက တစိတ်တပိုင်းပါဝင်သည်။ စစ်ဘေးရှောင်စခန်းမှ ခေါင်းဆောင်တစ်ဦးက “ဘာ တွေပဲ ဖြစ်နေပါစေ၊ ကချင် ဘက်ပတစ်အသင်းတော် (KBC) ရဲ့ ညွှန်ကြားမှု မပါရင် ကျွန်တော်တို့ စခန်း ကနေ မခွာဘူး” ဟု Crisis Group သို့ ပြောကြားသည်။[14]

ထိုအချက်က ပြောပြနေသည်မှာ ဘာသာရေး၊ ရပ်ရွာလူထုနှင့် လူသားချင်းစာနာမှု အကူအညီပေး ရေး ခေါင်းဆောင် အများစုသည် နေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များ စတင်မည့် အယူအဆကို ပိုမိုထောက်ခံလာကြပြီး ဖြစ်နိုင်ချေအလားအလာ ဆွေးနွေးမှုများကို ယခင်ထက်ပို၍ စတင် လျက်ရှိသည်ဆိုသော အချက်ဖြစ်သည်။ ၂၀၁၈ နှစ်လယ်ပိုင်းတွင် ၎င်းတို့သည် အစိုးရ၊ စစ်တပ်၊ ကေအိုင် အိုတို့နှင့် တွေ့ဆုံဆွေးနွေးရာတွင် စုစည်းညီညွတ်သော အနေအထားဖြင့် ပါဝင်နိုင်ရန်အတွက် အဖွဲ့သစ် တစ်ခုအဖြစ် ကချင်လူသားချင်းစာနာရေးနှင့်ဆိုင်သော ကော်မတီ (KHCC) ကို ဖွဲ့စည်းခဲ့ကြသည်။ ကော်မတီတွင် အစိုးရနှင့် ကေအိုင်အို ထိန်းချုပ်နယ်မြေများရှိ စစ်ဘေးရှောင်စခန်းအများစုကို စီမံ ခန့်ခွဲနေကြသော ကချင်ဘက်ပတစ်အသင်းတော်နှင့် ရိုမန်ကက်သိုလစ်ဘုရားကျောင်းမှ ခေါင်းဆောင် များ ပါဝင်သည်။ ထို့အပြင် စစ်ဘေးရှောင်များအား အထောက်အပံ့ ပေးနေသော လူသားချင်းစာနာသော အကူအညီပေးနေသော အဖွဲ့များ စုစည်းထားသည့် ပူးတွဲမဟာဗျူဟာအဖွဲ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကို အလွတ်သဘောအကူအညီပေးနေသော ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဖော်ဆောင်ရေးအဖွဲ့တို့မှ ကိုယ်စား လှယ်များလည်းပါဝင်သည်။

[14] Crisis Group က မြစ်ကြီးနားမြို့နယ်မှ စစ်ဘေးရှောင်စခန်းခေါင်းဆောင်ကို တွေ့ဆုံမေးမြန်းခြင်း၊ ဖေဖော်ဝါရီ ၂၀၁၉။

အရေးပါသည့် အချက်မှာ ကေအိုင်အိုသည် ကချင်လူသားချင်းစာနာရေးနှင့်ဆိုင်သော ကော်မတီ (KHCC) ဖွဲ့စည်းမှုကို ထောက်ခံအားပေးခဲ့ပြီး ကော်မတီတွင် တာဝန်ထမ်းဆောင်ရန်အတွက် ၎င်း၏ မြစ်ကြီးနားအခြေစိုက် နည်းစနစ်ပိုင်းအကြံပေးအဖွဲ့ဝင်များကို ခန့်အပ်တာဝန်ပေးခဲ့သည်။ မြန်မာအစိုးရ ကဲ့သို့ပင် ကေအိုင်အိုလက်နက်ကိုင်အဖွဲ့ကလည်း စစ်ဘေးရှောင်များ နေရပ်ပြန်ရေးနှင့် ပြန်လည်နေရာ ချထားရေးကို ထိပ်တန်းဦးစားပေးအဆင့် သတ်မှတ်စဉ်းစားခဲ့ပြီး ၂၀၁၈ ခုနှစ်အတွင်း မြန်မာစစ်တပ်နှင့် တွေ့ဆုံသည့် တရားဝင်နှင့် အလွတ်သဘော ဆွေးနွေးပွဲများတွင် ယင်းကိစ္စကို တင်ပြဆွေးနွေးခဲ့ကြ သည်။[15]

ကချင်လွတ်မြောက်ရေးအဖွဲ့နှင့် ဩဇာကြီးသော ကချင်ဘက်ပတစ်အသင်းတော် အပါအဝင် ကချင် ခေါင်းဆောင်များန အဖွဲ့အစည်းများအတွက် အဓိကစေ့ဆော်မှုမှာ စစ်ဘေးရှောင်များနှင့် ကချင်အသိုင်း အဝိုင်းများ၏ ဖိအားပေးမှု ဖြစ်ဖွယ်ရှိသည်။ အစိုးရကဲ့သို့ပင် ၎င်းတို့အတွက် စစ်ဘေးရှောင်များသည် ၇ နှစ်ကြာ ပဋိပက္ခဖြေရှင်းမှု မအောင်မြင်ခြင်းကို ထင်ဟပ်နေသည်။ စစ်ဘေးရှောင်များအရေးကို ဦးစား ပေးမှုသည် လူထုနှင့်အတူ ရပ်တည်ခြင်းဖြစ်သည့်အပြင် မဖြစ်မနေ အခြေအနေမှလွဲ၍ နောက်ထပ် တိမ်း ရှောင်ရမှုများ မရှိစေရန်အတွက် ဖြစ်သည်ဟု ကေအိုင်အိုအကြီးတန်းကိုယ်စားလှယ်တစ်ဦးက Crisis Group သို့ ပြောကြားသည်။ “ကျွန်တော်တို့အနေနဲ့ သူတို့ရဲ့ မြေတွေကို မဆုံးရှုံးစေချင်တော့ဘူး။ စခန်း က ကလေးတွေရဲ့ ပညာရေးကိုလည်း နောက်ထပ်အနှောက်အယှက်မဖြစ်စေချင်တော့ဘူး” ဟု ကေအိုင် အို ကိုယ်စားလှယ်က ပြောကြားသည်။[16]

သို့ရာတွင် တရုတ်နိုင်ငံ၏ ဖိအားပေးမှုသည်လည်း နောက်ထပ် အရေးပါသော အကြောင်းအချက် တစ်ခုဖြစ်လာသည်။ NLD အစိုးရ အာဏာရလာပြီးနောက်ပိုင်း ဘေဂျင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တွင် ပိုမိုတက်ကြွသော အခန်းကဏ္ဍမှ ပါဝင်လာခဲ့ပြီး အစိုးရနှင့် လက်နက်ကိုင်အဖွဲ့များ၏ ခေါင်းဆောင် များအကြားမှ တွေ့ဆုံဆွေးနွေးမှုများစွာကို အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးခဲ့သည်။ အစိုးရ တာဝန်ရှိသူတစ်ဦး၏ အဆိုအရ ဘေဂျင်းသည် ကေအိုင်အိုအား နှစ်ဖက်အပစ်အခတ်ရပ်စဲရေး စာချုပ်ကို လက်မှတ်ထိုးရန်နှင့် စစ်ဘေးရှောင်များ နေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထားရေးကို ဦးစားပေးလုပ် ဆောင်ရန်

[15] Crisis Group က ကချင်ဘာသာရေးနှင့် လူထုအခြေပြုအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံမေးမြန်းခြင်းများ၊ ရန်ကုန်၊ ဖေဖော်ဝါရီ ၂၀၁၉။

[16] Crisis Group က ကချင်လွတ်မြောက်ရေးအဖွဲ့ တာဝန်ရှိသူနှင့် ဘာသာရေးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ရန်ကုန်၊ ဖေဖော်ဝါရီ ၂၀၁၉။

တွန်းအားပေးနေသည်ဟု သိရှိရသည်။[17] လုပ်ငန်းစဉ် မြန်ဆန်စေရန်အတွက် ဘေဂျင်းသည် ကေအိုင်အို ထိန်းချုပ်နယ်မြေများရှိ စစ်ဘေးရှောင်စခန်းများသို့ နယ်စပ်ဖြတ်ကူး ထောက်ပံ့မှုများကို ပိတ်ပင်လိုက်ပြီး ၎င်းသည် ဆိုးဝါးပြီးသား လူသားချင်းစာနာရေးဆိုင်ရာ အခြေအနေကို ပိုဆိုးသွားစေ သော အစီအစဉ်ဖြစ်ကာ စစ်ဘေးရှောင်များအား နေရပ်ပြန်ရန်အတွက် အရေးပါသော ငွေကြေးမက်လုံး များကို ကမ်းလှမ်းခဲ့သည်ဟု ကြားသိရသည်။[18]

မြန်မာအစိုးရ တာဝန်ရှိသူများ၏ အဆိုအရ မြန်မာနိုင်ငံမြောက်ပိုင်း၌ ကြားဝင်ဆောင်ရွက်သည့် တ ရုတ်နိုင်ငံ၏ စေ့ဆော်ချက်မှာ နယ်စပ်ဒေသတည်ငြိမ်ရေးကို အားပေးမြှင့်တင်ရန်နှင့် မြန်မာနိုင်ငံအတွင်း ရှိ တရုတ်နိုင်ငံ၏ ကျယ်ပြန့်သော စီးပွားရေးနှင့် ပထဝီမဟာဗျူဟာအကျိုးစီးပွားများအတွက် အစိုးရ၏ အားပေးကူညီမှုကို ရရှိစေရန် ဖြစ်သည်ဟု သိရှိရသည်။ အိမ်နီးချင်းနှစ်နိုင်ငံသည် သမ္မတရှီကျင့်ဖျင်၏ ရပ်ဝန်းတစ်ခု ပတ်လမ်းတစ်သွယ် စီမံကိန်းကမကထပြုမှု၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ဒေါ်လာဘီလီ ယံချီကုန်ကျမည့် တရုတ်–မြန်မာ စီးပွားရေးစင်္ကြန်အကောင်အထည်ဖော်ရေး စည်းကမ်းချက်များကို စေ့ စပ်ညှိနှိုင်းနေသည်။ ဘေဂျင်းသည် စေ့စပ်ညှိနှိုင်းမှုများတွင် ၎င်း၏ ရပ်တည်မှုအနေအထား အားကောင်း စေရန်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မြန်မာအစိုးရ၏ ရှုဒေါင့်မှကြည့်လျှင် အပေါင်းလက္ခဏာ ဆောင်သော အင်အားစုတစ်ရပ် ဖြစ်နိုင်ကြောင်းကို နေပြည်တော်အား ပြသရန် စိတ်အားထက်သန်လျက် ရှိသည်။[19]

စစ်ဘေးရှောင်များ နေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များ ကြီးမားသော တိုး တက်မှုရှိရေး အလားအလာများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်တွင် ကြီးမားစွာမူတည်နေသည်။ ၂၀၁၈ ပထမအပိုင်းတွင် အကောင်းဖက်မှရှုမြင်ရန် အကြောင်းရင်းအနည်းငယ်သာရှိခဲ့ပြီး မေလအတွင်း မြန်မာစစ်တပ်နှင့် ကေအိုင်အိုအကြား အဓိကတိုက်ပွဲကြီးများ ဖြစ်ပွားမှုနှင့်အတူ နောက်ထပ်စစ်ဘေး တိမ်းရှောင်မှုများကို ဖြစ်ပေါ်စေခဲ့သည်။ တရုတ်နိုင်ငံက စီစဉ်ပေးနေသော နှစ်ဖက်ဆွေးနွေးပွဲများမှာ လည်း ရုတ်တရက် ရပ်တန့်သွားခဲ့သည်။

---

[17] Crisis Group က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရင်းနှီးသော အစိုးရတာဝန်ရှိသူနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ရန်ကုန်၊ မေလ ၂၀၁၉။

[18] Crisis Group က ကချင်ဘာသာရေးနှင့် လူထုအခြေပြုအဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ သရုပ်ခွဲသုံးသပ်သူများနှင့် သံတမန်များ အား တွေ့ဆုံမေးမြန်းခြင်းများ၊ ရန်ကုန်၊ ဖေဖော်ဝါရီနှင့် မတ်လ၂၀၁၉။ "Reverend Hkalam Samson talks Chinese diplomacy and the KBC's role in politics", *Frontier Myanmar*, 15 March 2019. ကို လည်းကြည့်။

[19] Crisis Group က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရင်းနှီးသော အစိုးရတာဝန်ရှိသူနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ရန်ကုန်၊ မေလ ၂၀၁၉။

မေလနောက်ပိုင်းတွင်မူ တိုက်ခိုက်မှုများ သိသိသာသာ လျော့ ကျသွားခဲ့ပြီး ၂၀၁၈ ခုနှစ်အတွင်း တိုက်ပွဲဖြစ်ပွားမှု အရေအတွက်အားလုံးသည် ၂၀၁၁ ဇွန်လနောက်ပိုင်း စံချိန်တင် အနိမ့်ဆုံးဖြစ်ခဲ့သည်ဟု လေ့လာသူများက ပြောကြားသည်။[20] ထို့နောက် ဒီဇင်ဘာလ ၂၁ ရက်တွင် မြန်မာစစ်တပ်က ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်း အကြုံးဝင်သည့် ၂၀၁၉ ဧပြီလ ၃၀ ရက်အထိ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲမှုကို ကြေညာခဲ့သည်။ အချက် ၁၁ ချက်ပါ ကြေညာချက်အရ မြန်မာစစ်တပ်က လိုအပ်သော အကူအညီနှင့် ညှိနှိုင်းဆောင်ရွက်မှုများကို လုပ်ဆောင်ပေးမည်ဖြစ် ကြောင်း၊ သို့မှသာ တိုက်ပွဲများကြောင့် တိမ်းရှောင်နေရသူများ ၎င်းတို့၏ မူလနေရပ်သို့ ပြန်လည်နေထိုင်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။[21]

ကြေညာချက်၊ အထူးသဖြင့် စစ်ဘေးရှောင်များနှင့်ပတ်သက်သော အစီအစဉ်ကို ကြေညာခြင်းသည် စောင့်ကြည့်လေ့လာသူအများအပြားကို အံ့အားသင့်စေခဲ့သည်။ တပ်မတော်၏ ရည်ရွယ်ချက်အပေါ် တစိတ်တပိုင်းသံသယရှိသောကြောင့် ကနဦးတွင် ကချင်တို့ဖက်မှ ဘာမျှ မတုန့်ပြန်ခဲ့ပေ။ ကချင်များနှင့် စစ်တပ်၊ အစိုးရနှင့် အများစု ဗမာတိုင်းရင်းသားများကြား ယုံကြည်မှုမရှိ ုခြင်းမှာ နက်သထက်နက်လာ သည်။

သို့သော် တပ်မတော်သည် ၂၀၁၉ ဇန်နဝါရီလနှောင်းပိုင်းကတည်းက အဆိုပါ ယုံကြည်မှုလျော့ နည်းနေခြင်းအပေါ် ကိုင်တွယ်ခဲ့ရာ တိုးတက်မှုအချို့ ရခဲ့သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ် ချုပ်မှူးကြီး မင်းအောင် လိ ု ုင်သည် သူ၏ ကချင်ပြည်နယ်ခရီးစဉ်အတွင်း ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ကချင်ဘက်ပတစ်နှင့် ကက်သလစ် ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သည်။ ၎င်းတို့သည် ကိစ္စရပ်အတော် များများကို ဆွေးနွေးခဲ့သော်လည်း စစ်ဘေးရှောင်များကိစ္စမှာ ထိပ်တန်းဦးစားပေးဖြစ်ခဲ့ကာ တပ်ချုပ်က သူ၏ ပန်းတိုင်မှာ မြန်မာနိုင်ငံမြောက်ပိုင်းမှ စစ်ဘေးရှောင်စခန်းများအားလုံးပိတ်သည်ကို မြင်တွေ့လို ခြင်းဖြစ်သည် ဟုဆိုသည်။[22] ထိုခရီးစဉ်သည် တပ်မတော်ခေါင်းဆောင်နှင့် ကချင်ဘာသာရေးခေါင်း ဆောင်များကြား အပေါင်းလက္ခဏာဆောင်သော ဆက်ဆံရေးဆီသို့ နီးကပ်စေသော ြ ေခလှမ်းဖြစ်သည်။ ကချင်ဘာသာရေးခေါင်းဆောင်များသည် ရှမ်းပြည်နယ်တွင် ၂၀၁၅ ခုနှစ်က ကချင် ဘက်ပ်တစ်အသင်း တော်မှ ဆရာမနှစ်ဦးကို အဓမ္မပြုကျင့် သတ်ဖြတ်ခဲ့ခြင်းအတွက်

[20] "Annual Peace and Security Review 2018", Myanmar Institute for Peace and Security, April 2019, p. 31.

[21] "Announcement on ceasefire and eternal peace", *Global New Light of Myanmar*, 22 December 2018.

[22] Crisis Group က ကချင်ဘာသာရေးနှင့် လူထုအခြေပြုအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံမေးမြန်းခြင်းများ၊ ရန်ကုန်၊ ဖေ ဖော်ဝါရီ ၂၀၁၉။ "Military chief discusses IDPs, peace, Myitsone Dam with Kachin religious leaders", *The Irrawaddy*, 5 February 2019. ကိုလည်း ကြည့်ပါ။

စိတ်မကောင်းဖြစ်နေဆဲဖြစ်ပြီး ထိုအမှုကို တပ်မတော်က အမျိုးသားစစ်သားများအား ကျူးလွန်သည်ဟု စွပ်စွဲထားသည်။[23]

အခြားသော့ချက်ကျသော အဖွဲ့များနှင့်လည်း ယုံကြည်မှုတည်ဆောက်ရေး ဆွေးနွေးမှုများပြုလုပ်ခဲ့ သည်။ ဖေဖော်ဝါရီလ ၁၀ ရက်နေ့က ကချင်လူသားချင်းစာနာရေးနှင့်ဆိုင်သော ကော်မတီ (KHCC) သည် အစိုးရ၏ ငြိမ်းချမ်းရေးညှိနှိုင်းမှုအဖွဲ့၊ အမျိုးသားပြန်လည်ပေါင်းစည်းရေးနှင့် ငြိမ်းချမ်းရေး ကော်မတီ (NRPC) ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကိုယ်စား လှယ်များ၊ ကချင်ပြည်နယ်အစိုးရတို့မှ အဖွဲ့ ဝင်များနှင့် အလွတ်သဘောဆွေးနွေးခဲ့သည်။ ဝန်ကြီးဌာနက ၎င်း၏ အမျိုးသားစစ်ဘေးရှောင်စခန်းပိတ်သိမ်းရေး မဟာဗျူဟာမူကြမ်းကို ကချင်လူသားချင်းစာနာ သော အကူအညီပေးရေးအဖွဲ့များသို့ မျှဝေရန် သဘောတူခဲ့သည်။ ယနေ့အထိမူဝါဒများတွင် တိုင်ပင်အ ကြံဉာဏ်ယူခြင်းမရှိသည့် အနေအထားတွင် မူကြမ်းကို မျှဝေခြင်းသည် အရေးပါသော အချက်ပြမှုဖြစ် သည်။ ထိုအစည်းအဝေးပြီးကတည်းက ကချင်လူသားချင်းစာနာရေးနှင့်ဆိုင်သော ကော်မတီ (KHCC) သည် KIO ၊ တရုတ်အစိုးရကိုယ်စားလှယ်များနှင့် ဆွေးနွေးပွဲများ ကျင်းပခဲ့သည်။[24]

ဧပြီလ ၂၆ ရက်နေ့တွင် ကချင်လူသားချင်းစာနာရေးနှင့်ဆိုင်သော ကော်မတီ (KHCC) နှင့် အ မျိုးသားပြန်လည်ပေါင်းစည်းရေးနှင့် ငြိမ်းချမ်းရေးကော်မတီ (NRPC) တို့သည် စစ်ဘေးရှောင်များ ပြန် လာရေးနှင့် ပြန်လည်နေရာချထားရေးတွင် ပူးပေါင်းဆောင်ရွက်ရန် အချက် ၅ ချက်ပါသော သဘောတူ ညီချက်ကို ရရှိခဲ့သည်။ ထိုသဘောတူညီချက်အရ နှစ်ဖက်သော အဖွဲ့များသည် “နိုင်ငံတကာလူသားချင်း စာနာရေးဆိုင်ရာ မူဝါဒများအပေါ် အခြေခံလျက်” အတူလုပ်ကိုင်မည်ဖြစ်သည်။ သို့မှသာ စစ်ဘေး ရှောင်များသည် ဘေးကင်းလုံခြုံစွာနှင့် သိက္ခာရှိစွာ ပြန်လာနိုင်မည် သို့မဟုတ် ပြန်လည်နေရာချထား ရာသို့ ပြန်လာနိုင်မည်ဖြစ်သည်။ ၎င်းတို့သည် အလားအလာရှိသည့် ပြန်လာမည့်သူများကို ပူးတွဲဖော် ထုတ်ကြမည်ဖြစ်ကာ ရွှေ့ပြောင်းစမ်းသပ်နေရာများတွင် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။ တချိန်တည်း တွင် ကချင်လူသားချင်းစာနာရေးနှင့်ဆိုင်သော ကော်မတီ (KHCC) သည် အကူအညီများ၊

[23] “Raped and killed but not forgotten”, *Frontier Myanmar*, 18 January 2019.
[24] “ဘုန်းတော်ကြီး ခလမ်စမ်ဆန်သည် နိုင်ငံရေးတွင် တရုတ်၏ ဆက်ဆံရေးနှင့် KBC ၏ အခန်းကဏ္ဍတို့အားပြောပြခဲ့သည်” အထက်တွင် ဖော်ပြပြီး။

ဖွံ့ဖြိုးရေး အထောက်အပံ့များကို ပေးမည်ဖြစ်ကာ လိုအပ်သော အစီအမံများကို ကေအိုင်အိုနှင့် လိုအပ်သလို ညှိ နှိုင်းမည် ဖြစ်သည်။[25]

သီးခြားအနေဖြင့် အစိုးရငြိမ်းချမ်းရေးစေ့စပ်ညှိနှိုင်းသူများသည် ကေအိုင်အိုနှင့် ၎င်း၏ မဟာမိတ် များဖြင့် တရုတ်နိုင်ငံ၊ ကူမင်းတွင် တဖက်သတ်အပစ်ရပ်ထားခြင်းကို နှစ်ဦးနှစ်ဖက် သဘောတူညီချက် ဖြစ်အောင် ကြိုးပမ်းသည့်အနေဖြင့် အလွတ်သဘောစကားပြောမှုများစွာ ပြုလုပ်ခဲ့သည်။ အဆိုပါညှိနှိုင်း ဆွေးနွေးမှုများသည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ပဋိပက္ခများတိုးလာသောကြောင့် ရှုပ်ထွေးလာခဲ့ သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းသည် တပ်မတော်၏ တဖက်သတ်အပစ်ရပ်မှုတွင် မပါဝင်ခဲ့ပေ။ ဇန်န ဝါရီလ ၄ ရက်နေ့တွင် ရက္ခိုင့်တပ်မတော် (စစ်သွေးကြွ ရခိုင်ခွဲထွက်ရေးအုပ်စုဖြစ်ပြီး ကေအိုင်အိုနှင့် လည်း ရင်းနှီးသော မဟာမိတ်) သည် ရဲကင်းစခန်းများကို တပြိုင်နက်တိုက်ခိုက်ခဲ့ရာ ရဲအရာရှိ ၁၃ ဦး အသတ်ခံရသောကြောင့် အစိုးရက စစ်တပ်ကို ထိုအဖွဲ့အားချေမှုန်းရန် ချက်ခြင်းအမိန့်ပေးရန် ဖြစ်စေ ခဲ့သည်။[26] ကေအိုင်အိုအတွက်မူ ၎င်း၏ ရက္ခိုင့်တပ်မတော်နှင့် ဆက်ဆံရေးသည် အစိုးရနှင့် မြန်မာ့တပ်မ တော်တို့ဖြင့် နှစ်ဖက်ဆွေးနွေးရာတွင် အောင်မြင်ရေးအတွက် နိုင်ငံရေးအရ အခက်ကြုံရစေသည်။ ၎င်းတို့အချင်းချင်းမဟာမိတ်ဖျက်သွားသည်ဟု ရှုမြင်သွားနိုင်ခြင်းကြောင့်ဖြစ်သည်။

အစိုးရက စစ်မြေပြင်တွင် ရက္ခိုင့်တပ်မတော်ကို နှိမ်နင်းရန် ဆက်တိုက်တွန်းအားပေးနေသော်လည်း ကေအိုင်အိုနှင့် ရက္ခိုင်တပ်မတော်တို့ပါဝင်သော မြောက်ပိုင်းမဟာမိတ်နှင့် စေ့စပ်ညှိနှိုင်းရန် လိုလား ကြောင်းလည်း ပြသနေသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မှ ပဋိပက္ခများကို ကိုင်တွယ်ရာတွင် ယာ ယီတိုးတက်မှုများ ရရှိလျက်ရှိသည်။ ၂၀၁၉ မတ်လ အစောပိုင်းက ကေအိုင်အိုနှင့် အခြားလက်နက်ကိုင် အဖွဲ့များမှ ကိုယ်စားလှယ်များသည် တစ်ဦးချင်းစုပေါင်း၍ မြန်မာ့တပ်မတော်နှင့် နှစ်ဦးအပစ်ရပ်လက် မှတ်ရေးထိုးရန် အဆိုပြုခဲ့သည်။ ဧပြီလ ၃၀ ရက်နေ့က ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ပြုလုပ်သော ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးရာ၌ ကေအိုင်အိုက နှစ်ဖက်အပစ်ရပ်သဘောတူညီချက်မူကြမ်းကို တင်ပြ လာရာ ၎င်း၏ “စစ်ဘေးရှောင်များ မူလနေရပ်ပြန်ရန် အစိုးရနှင့် ဆွေးနွေးရေး” လိုလားချက်အား ပြန်

[25] “NRPC, Kachin Humanitarian Group agree on five points for resettling IDPs”, *Global New Light of Myanmar*, 27 April 2019.
[26] ထိုတိုက်ခိုက်မှုများအကြောင်းနှင့် သက်ဆိုင်သော ကိစ္စရပ်များအကြောင်း အသေးစိတ်သိလိုပါက Crisis Group Asia Briefing N°154, *A New Dimension of Violence in Myanmar’s Rakhine State*, 24 January 2019. ကို ကြည့်ပါ။

လည်ထည့်သွင်းလာသည်။[27] နောက်ထပ်ဆွေးနွေးပွဲများပြုလုပ်ရန် မေလနှောင်းပိုင်းကို သဘောတူခဲ့ကြ သည်။

ထိုငြိမ်းချမ်းရေးဆွေးနွေးမှုများသည် မြန်မာ့တပ်မတော်ကို ၎င်း၏ တဖက်သတ်အပစ်ရပ် ကြေ ညာထားမှုအား ဇွန်လ ၃၀ ရက်နေ့ထိ နှစ်လထပ်တိုးကြောင်းကို ယခင်သတ်မှတ်ရက်မပြည့်မီ နာရီပိုင်း အလိုတွင် ကြေညာရန် ဖြစ်စေခဲ့သည်။ ထိုသို့ သက်တမ်းတိုးခြင်းကို ကြိုဆိုရမည်ဖြစ်ပြီး အပေါင်းလက္ခ ဏာဆောင်သော တိုးတက်မှုအတွက် ညွှန်ပြမှုဖြစ်သည့်တိုင် တဖက်သတ်အပစ်ရပ်မှုအတွက် အချိန်မှာ ပမာဏများပြားသော စစ်ဘေးရှောင်များ နေရပ်ပြန်မှုနှင့် ပြန်လည်နေရာချထားမှုအတွက် လိုအပ်သော အြေခအနေများဖန်တီးပေးနိုင်ဖွယ်မမြင်ပေ။ “ပြန်လည်နေရာချထားရေးကိစ္စဆိုတာ တကယ်တမ်း အ ကန့်အသတ်မရိှအပစ်ရပ်ထားဖို့ လိုတယ်” ဟု ကေအိုင်အိုကိုယ်စားလှယ်တစ်ဦးကပြောသည်။ “စစ်ဘေး ရှောင်တွေကို ပြန်လည်နေရာချထားဖို့ကို ဖြစ်မြောက်အောင်လုပ်ဖို့ဆိုရင် အရေးအကြီးဆုံးအချက်က အရပ်သားတွေရဲ့ ဘေးကင်းလုံခြုံမှုကို အာမခံနိုင်ဖို့ပဲဖြစ်တယ်” ဟု သူကပင်ပြောသည်။

သို့သော် လက်ရိှအချိန်တွင်မူ ဒေသခံခေါင်းဆောင်များ၏ အကောင်းမြင်မှုများမှာ ဆက်လက်ယုံ ကြည်ရဖွယ် ရှိသည်။ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ငြိမ်းချမ်းရေးဆွေးနွေးမှုဖော်ဆောင်ရေးအဖွဲ့နှင့် ညှိနှိုင်း ဆွေးနွေးပွဲပြီးနောက်တွင် ကချင်လူသားချင်းစာနာရေးနှင့်ဆိုင်သော ကော်မတီ (KHCC) က ခန့်မှန်းရာ၌ စခန်း ၁၀၀ မှ စစ်ဘေးရှောင် ၆,၀၀၀ မှ ၁၀,၀၀၀ ခန့်သည် လာမည့်အနီးဆုံးကာလအတွင်း ၎င်းတို့၏ နေအိမ်များ သို့မဟုတ် ပြန် လည်နေရာချထားသည့် နေရာများသို့ ပြန်နိုင်လိမ့်မည်ဟု ဆိုသည်။[28]

## IV. ဘေးကင်းပြီး သိက္ခာရိှရိှ၊ မိမိဆန္ဒအလျောက် လုပ်ငန်းစဉ်ဖြစ်ရေးကို သေချာ စေခြင်း

ယခုအချိန်အထိ တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်အကြားတွင် နှစ်ဖက်သဘောတူ အပစ် ရပ်သဘောတူညီချက်မရှိသောကြောင့် စစ်ဘေးရှောင်အများစု

[27] “NRPC delegation meets KIO, MNTJP, PSLF, ULA in Muse Town”, *Global New Light of Myanmar*, 1 May 2019.
[28] “Thousands of Kachin refugees may go home”, *The Myanmar Times*, 20 February 2019.

နေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထား ရေး ကြိုးပမ်းမှုများလုပ်ဆောင်ရာတွင် နယ်ပယ်အတိုင်းအတာ၌ အကန့်အသတ်များရှိနေသည်။ အဆိုပါ ကနဦးလုပ်ဆောင်ချက်များသည် ပဋိပက္ခဇုန်များကို ရှောင်ကွင်း၍ လုပ်ဆောင်ရဖွယ်ရှိသည်။ နှစ်ဖက် အပစ်ရပ်ထားသည့် အနေအထားမျိုးတွင်ပင် စစ်ဘေးရှောင်များကို လက်ခံရေးမှာ ယေဘုယျသင့်တော် သည်ဟု မဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် တိုက်ပွဲများပြန်ဖြစ်လာနိုင်ခြေ၊ မြေမြှုပ်မိုင်းများရှိနေခြင်းနှင့် အခြားအန္တရာယ်များ ရှိနေခြင်းတို့ကြောင့်ဖြစ်သည်။ လုပ်ဆောင်မှုများသည် ဒေသကွက်ကွက်လေး၊ အသေးစားလုပ်ဆောင်မှုများသာဖြစ်ဖွယ်ရှိပြီး ဦးစားပေးကိုင်တွယ်မည့် စစ်ဘေးရှောင်များနှင့် လုံခြုံရေး အရ စဉ်းစားမှုများကြောင့် လက်ရှိအစိုးရထိန်းချုပ်နယ်မြေရှိ စစ်ဘေးရှောင်များကိုသာ အာရုံပြုရဖွယ် ရှိသည်။ သို့တိုင်အောင် အနည်းငယ်မျှသာ လုပ်ဆောင်နိုင်သော ကနဦးလုပ်ဆောင်ချက်များကပင် အ ရေးကြီးသည်။ အနည်းငယ်သော ကနဦးလုပ်ဆောင်မှုများ၏ သက်ရောက်မှုကို တိုက်ရိုက်ခံစားရမည့် စစ်ဘေးရှောင်တို့၏ ဘဝများအပေါ် အပေါင်းလက္ခဏာဆောင်သော သက်ရောက်မှု များရှိစေမည့် အ ချက်ကို ကျော်လွန်၍ အရေးကြီးသော အချက်မှာ ယခုစတင်လုပ်ဆောင်ထားနိုင်ပါမှ နိုင်ငံရေးအရနှင့် လုံခြုံရေးအရ အခြေအနေက ခွင့်ပြုသည်နှင့် အရှိန်တိုးမြှင့်လုပ်ဆောင်နိုင်သည့် အလားအလာကြောင့် ဖြစ်သည်။

ထို့အပြင် အချိန်ကြာလာသည်နှင့်အမျှ ထိုသို့သော ကနဦးလုပ်ဆောင်မှုများသည် အရေးပါသော လျော့ပါး သွားမှုများကိုဖြစ်စေသည်။ မကြာသေးမီက ပဋိပက္ခဆန်းစစ်လေ့လာမှုတစ်ခုတွင် ရှေးရိုးနည်း အတိုင်းခန့်မှန်းရာတွင် အစိုးရထိန်းချုပ်နယ်မြေမှ တစ်နှစ်လျှင် အိမ်ထောင်စု ၂၀၀၀ သည် နိုင်ငံတကာ ၏ ပံ့ပိုးမှုဖြင့် စခန်းများမှ ထွက်သွားနိုင်သည်ဟု ဆိုသည်။ ထိုနှုန်းနှင့်ဆိုပါက စစ်ဘေးရှောင် ခြောက် သောင်း (အစိုးရထိန်းချုပ်သော စစ်ဘေးရှောင် စခန်းများမှ လက်ရှိအရေအတွက်အားလုံးနီးပါး) သည် ငါးနှစ်အတွင်း ၎င်းတို့၏ မူရင်းဒေသများ သို့မဟုတ် ပြန်လည်နေရာချထားသော နေရာများသို့ ပြန်သွား နိုင်မည်ဖြစ်သည်။[29]

[29] Crisis Group က အန်ဂျီအိုနှင့် ကချင်လူထုအခြေပြုအဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် တွေ့ဆုံမေးမြန်းခြင်းများ၊ ရန်ကုန်၊ ဖေဖော်ဝါရီ ၂၀၁၉။ "ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း အခြေအနေနှင့် အကာအကွယ်မဲ့နေသော အနေအထားများကို သုံးသပ်ခြင်း" စာ ၂၆ လည်း ကြည့်ပါ။

သို့သော် ထိုသို့သော နောက်ခံအခြေအနေတွင် သက်ဆိုင်သော အဖွဲ့အားလုံးအတွက် အသက်တမျှ အရေးပါသည်မှာ မူလနေရပ်ပြန်ရန် သို့မဟုတ် ပြန်လည်နေရာချထားသော နေရာသို့သွားရန် အသေ အချာစဉ်းစားလျက်ရှိသည့် စစ်ဘေးရှောင်များ ကြုံရမည့် အန္တရာယ်များနှင့် ၎င်းတို့၏ ဘယ်အချိန်နှင့် ဘယ်နေရာသို့ ရွှေ့ပြောင်းရန် ပိုမိုလိုလားသနည်း ဆိုသည့်အချက်များကိုလည်း အသေအချာ အလေး ပေးသင့်သည်။

သတ်မှတ်ချက်တစ်ခုထားသည့်အနေဖြင့် စစ်ဘေးရှောင်စခန်းများတွင် အဆိုးဝါးဆုံးအခြေအနေရှိ နေချိန်နှင့် အစိုးရကလည်း နိုင်ငံရေးအကြောင်းပြချက်ဖြင့် စခန်းများကို လူတစ်ယောက်မှ မရှိအောင် တွန်းအားပေးနေချိန်တွင် စစ်ဘေးရှောင်များကို ၎င်းတို့၏ ပိုမိုကောင်းမွန်သော အကျိုးစီးပွားများနှင့် ဆန့်ကျင်လျက် ပြန်လည်နေရာချထားရန် ဆွဲဆောင်မှုများကြောင့် စိတ်ပျက်လာသည့် စစ်ဘေးရှောင် အရေအတွက် တိုးလာနိုင်သည့် အန္တရာယ်ရှိသည်။ ထိုအန္တရာယ်သည် တစ်ဦးချင်းကို အန္တရာယ်များ ကျရောက်စေနိုင်သည်သာမက အနာဂတ် မူရင်းဒေသနှင့် ပြန်လည်နေရာချထားသည့် ဒေသများသို့ ရွှေ့ ပြောင်းရေး ကမကထပြုလုပ်ဆောင်မှုများ၏ အလားအလာများကို ထိခိုက်စေနိုင်သည်။ ထို့ကြောင့် အစိုး ရသည် စစ်ဘေးရှောင်များ၏ အမြင်များကို အကြေအလည်ဆွေးနွေးကာ လေးစားရန်မှာ မလုပ်မဖြစ်လုပ် ရမည်ဖြစ်ကာ ၎င်းတို့၏ နေရာဟောင်းသို့ ပြန်ကာ ပြန်လည်နေရာချထားခြင်းနှင့် မလုံခြုံသေးသော အ ခြေအနေတွင် ပြန်ခြင်းကို လက်ခံရန် မဖြစ်နိုင်သော အခြေအနေကို အတင်းကြိုးစားခြင်းမျိုးကို ရှောင် သင့်သည်။

စစ်ဘေးရှောင်များဖြစ်ချင်သော သဘောမျိုးမှ မေးခွန်းမျိုးကို စဉ်းစားရာတွင် အများစုက ၎င်းတို့၏ မူလနေရပ်သို့ နိုင်ငံရေးအခြေအနေနှင့် ပဋိပက္ခအခြေအနေက ခွင့်ပြုမှသာ ပြန်လိုကြသည့် သဘောထား ရှိသည်ဆိုသည်အတွက် အားကောင်းသော အထောက်အထားများရှိသည်။[30] ရေရှည်ရည်ရွယ်ချက်နှင့် ပတ်သက်သော မကြာသေးမီက စစ်တမ်းတစ်ခုတွင် ဖြေဆိုကြသော စစ်ဘေးရှောင်အိမ်ထောင်စု ၁၁၂၃ စုမှ ကိုယ်စားလှယ်များအနက် ၆၅ ရာ ခိုင်နှုန်းက ၎င်းတို့၏ မူလရွာသို့ ပြန်ရန်ရည်ရွယ်ကြောင်း၊ ၆ ရာ ခိုင်နှုန်းကမူ ချက်ခြင်းပြန်နိုင်ကြောင်း ဖြေကြသည်။[31]

[30] Crisis Group က အန်ဂျီအိုနှင့် ကချင်လူထုအခြေပြုအဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် တွေ့ဆုံမေးမြန်းခြင်းများ၊ ရန်ကုန်၊ ဖေဖော်ဝါရီ ၂၀၁၉။ “Endline Report”, op. cit., p. 5.
[31] “Intention Survey Analysis in Kachin State 2019”, UN High Commissioner for Refugees, 11 April 2019.

ထိုစစ်ဘေးရှောင်များအတွက် နေရပ်ပြန်ရန် အ ဓိကအတားအဆီးများမှာ တိုက်ပွဲများအသစ်တဖန်ပြန်ဖြစ်မည့် အန္တရာယ်နှင့် လက်နက်ကိုင်အဖွဲ့များ၏ မြေမြှုပ်မိုင်းများရှိနေခြင်းဖြစ်သည်။[32] စခန်းခေါင်းဆောင်များက ၂၀၁၉ ဖေဖော်ဝါရီလတွင် အဆိုပါစိုးရိမ် မှုများကို Crisis Group သို့ မီးမောင်းထိုးပြကြရာ အရေးအကြီးဆုံးအချက်အနေဖြင့် တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်ကြား ရေရှည်ခံမည့် ငြိမ်းချမ်းရေးသဘောတူညီချက်တော့ ရထားရန်လိုသည် ဟု ဆိုကြသည်။ မြစ်ကြီးနားမြို့နယ်မှ စခန်းတစ်ခုမှ ခေါင်းဆောင်တစ်ဦးက "အရေးအကြီးဆုံးက တိုက်ပွဲ တွေ ရပ်ဖို့ပါ၊ နောက်မှ မြေမြှုပ်မိုင်းတွေ ရှင်းဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ တစ်ခုတည်းသော အသက် မွေးမှုက တောထဲသွားပြီး ကျွဲနွားအစာသွားရှာရတာပါ။ မြေမြှုပ်မိုင်းတွေ ရှိမှန်းသိတော့ တကယ်ကြောက် ပါတယ်။ တကယ်လို့သာ နှစ်ဖက်စလုံးက သူတို့ မိုင်းတွေ ရှင်းပြီးဘီလို့ အာမခံရင် ငါတို့ အိမ်ပြန်လို့ ရဘီ" ဟု ဆိုသည်။[33]

ထိုပြောစကားကို ကြည့်ပါက စစ်တမ်း၏ ရည်ရွယ်ချက်မှာ စစ်ဘေးရှောင်လူနည်းစု၏ အများစုကြီး သည် ၎င်းတို့၏ မူရင်းရွာသို့ ပြန်ရန် ရည်ရွယ်ချက်မရှိဟု ဆိုလိုခြင်းမဟုတ်ကြောင်းပြသရန်ဖြစ်သည်။[34] ထိုအုပ်စုတွင် အစိုးရထိန်းချုပ်သော နယ်မြေများမှ စစ်ဘေးရှောင်များ တစ်ဝက်ခန့် ပါဝင်ရာ မည်သည် ကို ပြဆိုသနည်းဟုဆိုရသော် နေရပ်ပြန်လိုသော်လည်း ဖြစ်နိုင်သော လုံခြုံရေးအ ခြေအနေရှိမှသာ ပြန် လိုသော စစ်ဘေးရှောင်အများအပြား (သောင်းဂဏန်း) ရှိသည် ဆိုသောအချက်ဖြစ်သည်။[35] တွေ့ဆုံမေး မြန်းခြင်းများအရ သုံးသပ်ရသော် ထိုအုပ်စုတွင် ကျောင်းနေအရွယ် ကလေးငယ်များရှိသော မိသားစုကြီး များပါဝင်လိမ့်မည်ဟု သုံးသပ်နိုင်သည်။ အချို့ကလည်း ပြန်လည်နေရာချထားမှုကို ပိုမိုကြိုက်နှစ်သက် ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် မြို့ကြီးများတွင် နေလိုလိမ့်မည်

[32] Endline Report, op. cit., p. 5.

[33] Crisis Group က ကချင်ပြည်နယ်မှ စစ်ဘေးရှောင်စခန်းခေါင်းဆောင်ကို တွေ့ဆုံမေးမြန်းခြင်း၊ ဖေဖော်ဝါရီ ၂၀၁၉။ စစ်ဘေးရှောင်များ ပြန်လာရေးအတွက် ပွဲတွင် စခန်းခေါင်းဆောင်များက ဘဏ္ဍာငွေ ကျယ်ကျယ်ပြန့်ပြန့်ပံ့ပိုးရေးလိုအပ်ချက်ကို ထုတ်ဖော်ပြောကြားပြီး အဘယ် ကြောင့်ဆိုသော် ပြန်လာသူများသည် အနည်းဆုံး တစ်နှစ်မှ နှစ်နှစ် မိမိခြေထောက်ပေါ်ရပ်ရန် အချိန်ယူရသောကြောင့်ဟုဆိုသည်။ လိုအပ် သော ဝန်ဆောင်မှုများကိုလည်း ပြန်လည်ထူထောင်ရန် လိုအပ်သည်။

[34] Crisis Group က အန်ဂျီအိုနှင့် ကချင်လူထုအခြေပြုအဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် တွေ့ဆုံမေးမြန်းခြင်းများ၊ ရန်ကုန်၊ ဖေဖော်ဝါရီ ၂၀၁၉။

[35] "Intention Survey Analysis in Kachin State 2019", op. cit.

သို့မဟုတ် ၎င်းတို့၏ မူရင်းရွာထက်စာလျှင် အလုပ်အကိုင်နှင့် ပညာရေးအခွင့်အလမ်း၊ အခြားဝန်ဆောင်မှုများပိုကောင်းသည့် အဖျားအနားတွင် ကပ်၍ နေလိုလိမ့်မည်။ ၎င်းတို့၏ မြေများကို ရောင်းခဲ့ပြီးသည့် သူများမှာမူ မူလနေရပ် သို့ပြန်ရန် အကြောင်းပြချက်သိပ်ရှိလိမ့်မည်မဟုတ်ပေ။

၎င်းတို့သည် ပြန်လည်နေရာချထားသည့်နေရာတွင်ဖြစ်စေ၊ မူလနေရပ်သို့ပြန်သည်ဖြစ်စေ၊ အရေးပါ သော ပံ့ပိုးမှုများပေးရန်တော့ လိုအပ်လိမ့်မည်ဖြစ်သည်။ နေစရာအိမ်၊ စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်း ကျောင်းမှုအကူအညီများမှာ အထူးအရေးကြီးသည်။[36] မကြာသေးမီက ဝိုင်းမော်မြို့နယ်ရှိ လက်ရှိတွင် အကြီးဆုံးပြန်လည်ထူထောင်ရေးစခန်းဖြစ်သည့် မိုင်နစခန်းသို့ ကုလသမဂ္ဂအကြီးတန်းတာဝန်ရှိသူတစ် ဦး သွားရောက်ခဲ့စဉ် အလုပ်အကိုင်မရှိ မှုနှင့် စီးပွားရေးအခွင့်အလမ်းမရှိမှုတို့ကို အဓိကစိန်ခေါ်မှုအဖြစ် ဖော်ထုတ်ခဲ့သည်။[37] ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဖွံ့ဖြိုးရေးပရောဂျက်များ အကူအ ညီပေးရန် တိုး၍ စိတ်ဝင်စားလာကြောင်းပြသသော အလှူရှင်များသည် ထိုစစ်ဘေးရှောင်များ (ယခင်က လူများရော လက်ရှိလူများပါ) ကို မိမိကိုယ်ကို ပို၍အားကိုးရပ်တည်လာနိုင်စေရန် အသက်မွေးဝမ်း ကျောင်းအကူအညီများနှင့် ဝန်ဆောင်မှုပေးခြင်းများကိုပေးရန် အာရုံစိုက်နိုင်သည်။[38]

နှစ်ဖက်အဖွဲ့များအနေဖြင့်ကလည်း ပုံမှန်အားဖြင့် အိမ်ပြန်ရန် ပို၍လိုလားကြသော စစ်ဘေးရှောင် များကြားတွင်ပင် စဉ်ဆက်မပြတ်ပြန်လည်နေရာချထားမှုကို တာဝန်ယူမှုရှိ ှစွာဖြင့် အားပေးခြင်းကို လုပ် ဆောင်နိုင်သည်။ ဥပမာအားဖြင့် အစိုးရသည် ပြန်လည်နေရာချထားမှုကို လက်ခံသဘောတူသော စစ် ဘေးရှောင်များအား ပဋိပက္ခဒေသတွင် ကျန်ခဲ့သော ၎င်းတို့ပိုင်မူလမြေနေရာများ ဆုံးရှုံးလိမ့်မည် မဟုတ် ကြောင်း ရှင်းလင်းအောင် ပြောကြားထားရမည်ဖြစ်သည်။ ထို့အပြင် လူသားချင်းစာနာသော အကူအညီ များနှင့် ဖွံ့ဖြိုးရေးအကူအညီများကို ပေးအပ်ရာတွင် ကန့်သတ်ထားမှုများအား ဖြေလျှော့ပေးသင့်သည်။ ထိုသို့ဖြေလျှော့ပေးခြင်းဖြင့်

---

[36] ၎င်း
[37] "Myanmar: 'Protection and long-term solutions for all people affected by conflict' – Deputy Humanitarian Chief", UNOCHA, 14 May 2019.
[38] "ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း အ ြ ေခအနေနှင့် အကာအကွယ်မဲ့နေသော အနေအထားများကို သုံးသပ်ခြင်း" စာ ၇ ကြည့်ပါ။

အလှူရှင်များနှင့် လူသားချင်းစာနာရေးအကူအညီပေးသည့်အဖွဲ့များသည် စစ်ဘေးရှောင်များအား အကူအညီများအဆိုပြုရာတွင် နေရပ်ပြန်ခြင်း သို့မဟုတ် ပြန်လည်နေရာချထား ခြင်းနောက်ပိုင်း ပံ့ပိုးရန်လိုအပ်မည့် အတိုင်းအတာနှင့်အညီ ပေးနိုင်လိမ့်မည်ဖြစ်သည်။

သို့သော် ကချင်ဘက်ပတစ်အသင်းတော် (KBC) နှင့် ကေအိုင်အိုအပါအဝင် ကချင်ရပ်ရွာလူထု ခေါင်းဆောင်အချို့က စိုးရိမ်သည်မှာ မကြာသေးမီက စစ်ဘေးရှောင်များ နေရပ်ပြန်ခြင်း၊ ပြန်လည်နေရာ ချထားခြင်း အားထုတ်လုပ်ဆောင်မှုများအပေါ် အခြေခံ၍ ထွက်ပေါ်လာရာ စစ်ဘေးရှောင်များ၏ ရေ ရှည်အဆင်ပြေစေရန်ကို လုံလောက်သော အာရုံပြုလုပ်ဆောင်ပေးမှု မရှိခြင်း ဆိုသည့်အချက်ဖြစ်သည်။

၂၀၁၉ ခုနှစ်၏ ပထမသုံးလတွင် ဖြစ်ပျက်ခဲ့သည်များက စိုးရိမ်မှုများကို ထွက်ပေါ်လာစေသည်။ ၂၀၁၉ ဇန်နဝါရီလ ၃၀ ရက်တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သည် စစ်ဘေးရှောင် မိသားစု ၁၇ စုကို နမ့်ဆန်ယမ်ရွာသို့ ပြန်နိုင်ရန် အကူအညီပေးခဲ့သည်။ မတ်လအစောပိုင်းတွင် ဒုတိယအသုတ်အဖြစ် နမ့်ဆန်ယမ်ရွာသို့ မိသားစု ၂၉ ခုကို ပြောင်းရွှေ့စေခဲ့သည်။ ထိုပြောင်းရွှေ့မှုတစ်ခုချင်းစီတွင် စစ်ဘေးရှောင် များသည် မိမိတို့ဆန္ဒအလျောက် နေရပ်ပြန်သွားကြပုံပေါ်သော်လည်း တပ်မတော်သည် ထိုလုပ်ဆောင်မှု များကို ကက်သလစ်တာဝန်ရှိသူများ၏ ခေါင်းဆောင်ပိုင်းနှင့်သာ ပူးပေါင်းဆောင်ရွက်သွားခဲ့ပြီး ကေ အိုင်အို သို့မဟုတ် ကချင်လူသားချင်းစာနာမှုဆိုင်ရာနှင့် သက်ဆိုင်သော ကော်မတီ (KHCC) တို့နှင့် တိုင်ပင်အကြံဉာဏ်ယူမှုလုံးဝမရှိပဲ အရပ်သားအစိုးရ၏ ပါဝင်မှုအနည်းငယ်သာ ရှိခဲ့သည်။[39] တပ်မတော် သည် မိသားစုများကို နေရာချထားခြင်းမပြုမီ ပြန်လည်နေရာချထားမည့်ဒေသ၏ အခြေအနေများကို ဆန်းစစ်မှုလုပ်ခဲ့ခြင်း ရှိ၊ မရှိ ရှင်းလင်းခြင်းမရှိပေ။ လူထုအခြေပြုအဖွဲ့အစည်းများက ထိုဒေသနှင့် ပတ် သက်ပြီး ၎င်းတို့၏ စိုးရိမ်မှုများကို ထုတ်ဖော်ပြောကြားကြရာတွင် ထိုဒေသ၏ နေရာအများအပြားသည် နှစ်ဖက်အပစ်ရပ်သဘောတူထားသော နေရာများတွင် မပါဝင်ပဲ

[39] Crisis Group က ကချင်ဘာသာရေးနှင့် လူထုအခြေပြုအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံမေးမြန်းခြင်းများ၊ ဖေဖော်ဝါရီ ၂၀၁၉။

ပဋိပက္ခများ နောက်တဖန်ပြန်ဖြစ်လာ နိုင်သည့် အန္တရာယ်ရှိကြောင်းဆိုကြသည်။[40] ထို့အပြင် နမ့်ဆန်ယမ်တွင် ယခင်နေထိုင်ခဲ့သူများကို ပြန် လည်နေရာချထားခြင်းမပြုမီ တပ်မတော်သည် ပတ်ဝန်းကျင်၌ မိုင်းရှင်းလင်းရေးကို အကန့်အသတ်နှင့် သာ လုပ်ခဲ့သည်။[41]

အစိုးရ၏ အခြားလုပ်ရပ်များကလည်း စစ်ဘေးရှောင်များကို နေရပ်ပြန်ရန် ဖိအားပေးနေသည်ဆို သော အဓိပ္ပါယ်သာ ထွက်နေသည်။ ၂၀၁၉ ဖေဖော်ဝါရီလက အစိုးရ၏ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှ ဝန်ထမ်းများသည် ကချင်ပြည်နယ်တလွှား ဒါဇင်နှင့်ချီသော စစ်ဘေးရှောင်စခန်းများသို့ သွား ရောက်ခဲ့ကြကာ စခန်းတွင် နေထိုင်သူများထံမှ သတင်းအချက်အလက်များကောက်ယူကာ အိမ်ပြန်နိုင် သလားဆိုသော မေးခွန်းများမေးခဲ့သည်။ "ပုံမှန်ကတော့ သူတို့လာပြီး အချက်အလက်တွေ ကောက်လေ့ ရှိတယ်။ ဒါပေမယ့် ဒီတခါတော့ နဲနဲအသေးစိတ်တွေ မေးတယ်" ဟု မြစ်ကြီးနားရှိ စခန်းတစ်ခု၏ ခေါင်း ဆောင်က ပြောသည်။ သူကဆက်၍ "သူတို့က ပြောတယ်၊ ဘယ်သူပြန်ချင်သလဲ၊ တချို့ရွာတွေက ပြန်ဖို့ လုံခြုံနေဘီ မဟုတ်လား။ ကျွန်တော်တို့ ခံစားရတာက ပြန်လည်နေရာချထားရေးနဲ့ နေရပ်ပြန်ရေး လုပ် ငန်းစဉ်တွေ စနေဘီပေါ့လေ။ ဒါပေမယ့် အဲဒီအကြောင်းတိုက်ရိုက်တော့ ဘာမှ မကြားရသေးဘူးပေါ့" ဟု ပြောသည်။ စခန်းများသို့ ၎င်းတို့သွားရောက်ခဲ့ခြင်းသည် ရှုပ်ထွေးမှုများနှင့် စိုးရိမ်မှုများကို ဖြစ်ပေါ်စေ သည်။ အထူးသဖြင့် အစိုးရသည် ထိုသို့ သွားရောက်ခြင်းကို ကချင်ခေါင်းဆောင်များကို လည်းကောင်း၊ စစ်ဘေးရှောင်များကိုလည်းကောင်း အကြောင်းမကြားခဲ့ခြင်းကြောင့်ဖြစ်သည်။ အချို့စစ်ဘေးရှောင်များ က ပြောကြားရာတွင် တထိုင်တည်းဆုံးဖြတ်ချက်ချရန် ဖိအားပေးသလို ခံစားရကြောင်းနှင့် အစိုးရက ၎င်းတို့၏ စစ်ဘေးရှောင်တို့စဉ်းစားရွေးချယ်ရန် အချိန်ပိုတောင်းသည်ကိုပင် ပယ်ချခဲ့သည်ဟု ဆိုကြ သည်။[42]

အဆိုပါအဖြစ်အပျက်များသည် ကချင်ဘာသာရေးခေါင်းဆောင်များနှင့် လူထုအခြေပြုအဖွဲ့ ခေါင်းဆောင်များကြားတွင် အစိုးရနှင့် စစ်တပ်၏ ရည်ရွယ်ချက်အပေါ်

[40] Crisis Group က ကချင်ဘာသာရေးနှင့် လူထုအခြေပြုအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံမေးမြန်းခြင်းများ၊ ဖေဖော်ဝါရီ ၂၀၁၉။
[41] Crisis Group က ကချင်ဘာသာရေးနှင့် လူထုအခြေပြုအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံမေးမြန်းခြင်းများ၊ ဖေဖော်ဝါရီ ၂၀၁၉။
[42] Crisis Group က စစ်ဘေးရှောင်စခန်း ခေါင်းဆောင်ကချင်ဘာသာရေးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ဖေဖော်ဝါရီ ၂၀၁၉။

စိုးရိမ်မှုများကို ဖြစ်ပေါ်စေသည်။ အစိုးရနှင့် စစ်တပ်သည် စစ်ဘေးရှောင်များနှင့် စစ်ဘေးရှောင်တို့၏ အကျိုးစီးပွားများကို ကိုယ်စားပြု နေသူများနှင့် ယုံကြည်မှုကို ထိခိုက်သွားစေခြင်းဖြင့် အနာဂတ်တိုးတက်မှု အလားအလာများကို အားနည်း စေရန် ခြိမ်းခြောက်နေသည်။ စစ်ဘေးရှောင်များ နေရပ်ပြန်ရန်၊ ပြန်လည်နေရာချထားမှုပြုလုပ်ရန်များ အောင်မြင်ရေးအတွက် အထူးသဖြင့် ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးများသည် မရှိမဖြစ်လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် စစ်ဘေးရှောင်အများစု၏ ဆုံး ဖြတ်ချက်များသည် အစိုးရတာဝန်ရှိသူများ၏ အာမခံချက်များအပေါ် အခြေမပြုပဲ ဘာသာရေးခေါင်း ဆောင်များ၏ အကြံပြုချက်များအပေါ်သာ အခြေပြုခြင်းကြောင့်ဖြစ်သည်။ ဧပြီလ ၂၆ ရက်က သဘော တူညီချက်သည် ယုံကြည်မှုတည်ဆောက်ရေးခြေလှမ်းတွင် အရေးပါလှသည်။ သို့သော် ပါဝင်နေသော အဖွဲ့များအနေဖြင့် တူညီသော ကိစ္စရပ်အပေါ် လုပ်မိဖို့ လိုအပ်သည်။ အထူးသဖြင့် အာဏာပိုင်များသည် ယုံကြည်မှုကို အားနည်းသွားစေမည့် ခြေလှမ်းမှားများကို နောက်ထပ်မလှမ်းမိဖို့ ရှောင်ရမည် ဖြစ်သည်။

## V. သုံးသပ်ချက်

တပ်မတော်မှ အပစ်ရပ်ရန် ကြေညာခြင်း၊ အစိုးရ၏ ပြည်လုံးကျွတ်စခန်းများပိတ်သိမ်းရေး မဟာဗျူဟာ ရေးဆွဲခြင်းနှင့် ကချင်မှ စစ်ဘေးရှောင်များကို ဦးစားပေးခြင်းများအပါအဝင် အဖြစ်အပျက်များ ပေါင်းစု လာခြင်းသည် ရှေ့လာမည့်နှစ်များတွင် စစ်ဘေးရှောင်များပြန်လာရေးနှင့် ပြန်လည်နေရာချထားရေး အတွက် အခြေခံလုပ်ငန်းများ ချမှတ်နိုင်ရန် အရေးကြီးသော အခွင့်အလမ်းတစ်ခုပေးနေပါသည်။ ကိစ္စ ရပ်အများစုမှာမူ မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့(KIO) တို့အကြား လက်ရှိဆွေးနွေး မှုများ၏ ရလဒ်အပေါ် မူတည်လိမ့်မည်ဖြစ်သည်။ ကချင်ပြည်နယ်၏ လက်ရှိအခြေအနေအရမူ အိုးနှင့် ကျင်းနှင့်ပြန်လာရန် အခြေအနေကောင်းမရှိသေးပေ။ သို့သော် မကြာသော အချိန်ကာလအတွင်း ပဋိပက္ခဇုန်များမှ ဆွဲထုတ်ကာ ပြန်လည်နေရာချထားရေး အခွင့်အလမ်းများဖော်ထုတ်ရန်နှင့်

စစ်ဘေးရှောင် များကို လက်ခံထားရသော ရပ်ရွာလူထုကို ထောက်ပံ့မှုများပေးရန် ဖြစ်နိုင်လာပါလိမ့်မည်။

ထိုအခွင့်အလမ်းကို အမိအရဖမ်းဆုပ်နိုင် တဖက်တွင် အစိုးရနှင့် တပ်မတော်ကြားတွင် ယုံကြည်မှု ရှေ့ဆက်တည်ဆောက်နိုင်ရန် မရှိမဖြစ်လိုအပ်သလို၊ အခြားတဖက်တွင်လည်း ကချင်လွတ်မြောက်ရေး အဖွဲ့၊ ကချင်လူထုအခြေပြုအဖွဲ့များ၊ စစ်ဘေးရှောင်များနှင့်လည်း ယုံကြည်မှုတည်ဆောက်ရန် လိုသည်။ ယခုအချိန်တွင်မူ အပေါင်းလက္ခဏာဆောင်သော ခြေလှမ်းအချို့ရှိသော်လည်း နှစ်ပေါင်းများစွာ တိုက်ခိုက်နေခြင်း၊ ပဋိပက္ခချုပ်ငြိမ်းရေးညှိနှိုင်းရန် ကြိုးစားမှုများ အကြိမ်ကြိမ်မအောင်မြင်ခြင်းတို့ကြောင့် ယုံ ကြည်မှုအဆင့် နိမ့်နေဆဲဖြစ်သည်။ ထို့အပြင် ယုံကြည်မှုတည်ဆောက်ရေး လုပ်ဆောင်မှုများသဘောမျိုး ဖြင့် အစိုးရနှင့် တပ်မတော်တို့က ကနဦးတဖက်သတ် ခြေလှမ်းများ လုပ်ဆောင်လာရာ စစ်ဘေးရှောင်များ ဘေးကင်းလုံခြုံရေးကို သေချာအောင် လုပ်ခြင်းထက်စာလျှင် စစ်ဘေးရှောင်စခန်းများ၌ မည်သူမျှမရှိ အောင်လုပ်ခြင်းက ပိုအရေးကြီးကြောင်း သဘောထားမျိုးကို ပြသခဲ့သည်။

မြန်မာအစိုးရနှင့် တပ်မတော်သည် စစ်ဘေးရှောင်များနေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထား ရေးကို အထောက်အပံ့ပြုမည့် လုပ်ဆောင်မှုအတော်များများလုပ်ဆောင်ခဲ့သည်။ အရေးအကြီးဆုံးမှာ ၎င်းတို့သည် စစ်ဘေးရှောင်များနေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထားရေးအတွက် အစီအစဉ်ရေးဆွဲ ရေးနှင့်ပတ်သက်၍ ကချင်ပြည်နယ်မှ ဆွေးနွေးဖက်များဖြစ်သော အရပ်သားများ၊ ကချင်လွတ်မြောက် ရေးအဖွဲ့တို့နှင့် ဆွေးနွေးမှုများ၊ တိုင်ပင်အကြံဉာဏ်ယူမှုများကို ဆက်လက်တိုးချဲ့ လုပ်ဆောင်သင့်သည်။ စစ်ဘေးရှောင်စခန်းများတွင် နေထိုင်နေကြသူများအနေဖြင့် အဆိုပါကနဦးလုပ်ဆောင်ချက်များကို အသိ အမှတ်ပြုလာရန်အတွက် ထိုလုပ်ဆောင်မှုများကို အစီအစဉ်ရေးဆွဲရာတွင်နှင့် အကောင်အထည်ဖော်ရာ တွင် ကချင်ဘာသာရေးနှင့် လူသားချင်းစာနာရေးအကူအညီပေးနေသော ခေါင်းဆောင်များ ပါဝင်လာ ရန် မရှိမဖြစ်လိုအပ်သည်။ ဦးဆောင်ကဏ္ဍတွင်လည်း တပ်မတော်ထက်စာလျှင် အရပ်သားအစိုးရက နေရာယူလာမှသာ ကချင်ပြည်နယ်မှ အခြားပါဝင်ပတ်သက်နေသူများ၏ ထောက်ခံမှုနှင့် ပါဝင်လာမှုကို ရရှိနိုင်မည်ဖြစ်သည်။

အကြောင်းမှာ တပ်မတော်အပေါ် နက်နက်ရှိုင်းရှိုင်း ယုံကြည်မှုပျောက်ဆုံးနေခြင်းကြောင့်ဖြစ်သည်။

စခန်းပိတ်သိမ်းရေး မဟာဗျူဟာအတွက် တိုင်ပင်အကြံဉာဏ်ယူမှုများ တိုးချဲ့ရေး၊ လူသားချင်းစာနာ သော အကူအညီများရယူမှုအတွက် ကန့်သတ်ချက်များ ရုတ်သိမ်းရေး၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်ချက်အား အကောင်အထည်ဖော်မှုကို ဖြစ်နိုင်လျှင် ရပ်ထားခြင်းများသည် လည်း အရေးပါသော ခြေလှမ်းများဖြစ်သည်။ အလားအလာရှိသော ယုံကြည်မှုတည်ဆောက်ရေး အချက်ပြမှုများအပြင် စစ်ဘေးရှောင်များ၏ ခက်ခဲရုန်းကန်ရမှုများနှင့် စိုးရိမ်ပူပန်ရမှုများကို သက်သာ အောင်လည်း လုပ်ဆောင်ပေးရမည်ဖြစ် သည်။

ထိုသို့သော တဖက်သတ်ခြေလှမ်းများကို ကျော်လွန်၍ မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက် ရေးအဖွဲ့တို့ကြား နှစ်ဦးသဘောတူအပစ်ရပ်သဘောတူညီချက်ရရှိရေးသည် ပင်မမျှော်မှန်းချက် ပန်းတိုင် အဖြစ် ရှိနေဆဲဖြစ်သည်။ ဤအချက်မှာ စစ်ဘေးရှောင်များ ၎င်းတို့၏ မူလနေရပ်သို့ ပြန်သွားနိုင်ရန် ကြိုး ပမ်းအားထုတ်မှုများအတွက် အထူးအရေးကြီးသည်။ ဤနေရာတွင် တပ်မတော်သည် ၎င်း၏ တဖက် သတ်အပစ်ရပ်ထားမှုအား အချိန်အကန့်အသတ်မရှိ ဆက်လက်တိုးပေးသင့်ကာ ကချင်လွတ်မြောက်ရေး အဖွဲ့ အနေဖြင့်ကလည်း နှစ်ဖက်သဘောတူ အပစ်ရပ်သဘောတူညီချက်ဖြစ်အောင် ရည်မှန်း၍ ညှိနှိုင်း ဆွေးနွေးမှုများကို ဆက်လက်လုပ်ဆောင်သင့်သည်။

မြန်မာအစိုးရသည် ပြင်ပမှ ပံ့ပိုးကူညီမှုအပေါ် မှီခိုရဖွယ်ရှိသောကြောင့် အလှူရှင်များနှင့် နိုင်ငံ တကာလူသားချင်းစာနာသော အကူအညီပေးရေးအဖွဲ့များသည် နေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချ ထားရေးအတွက် အနိမ့်ဆုံးသတ်မှတ်ချက်များကို သဘောတူသင့်သည်။ ထိုသဘောတူညီချက်ကို အခြေခံကာ လက်တွေ့ကူညီရန်နှင့် ငွေကြေးအရပါ ပြင်ဆင်ရမည်ဖြစ်သည်။ ထို့နောက် အလှူရှင်များနှင့် နိုင်ငံတကာလူသားချင်းစာနာသော အကူအညီပေးရေးအဖွဲ့များသည် ထိုသတ်မှတ်ချက်များကို ပြည့်မီစေ ရန် ကနဦးအကူအညီများပေးနိုင်ရေးကို ပြင်ဆင်သင့်သည်။ အလှူရှင်များ၏ ပံ့ပိုးမှုများ ပိုမိုရရှိနိုင်ရန် အကူအညီကို ရယူခွင့်နှင့်ပတ်သက်၍ ကန့်သတ်ချက်များကို ဖြေလျှော့ပေးခြင်း သို့မဟုတ် ဖယ်ရှားပေး ခြင်းများသည် အရေးကြီးသည်။

နိုင်းနိုင်းချိန်ချိန်နှင့် ရှေ့ဆက်လုပ်ဆောင်နိုင်ရန်နှင့် ခက်ခဲကြမ်းတမ်းမှုများအား ကြီးစွာဖြတ်သန်း ခဲ့ရသော ရပ်ရွာလူထု၏ အကျိုးစီးပွားကို အကာအကွယ်ပေးသည့် သဘောထားမျိုးထားနိုင်ရေးသည် အရေးကြီးသကဲ့သို့ ကချင်ပြည်နယ်မှ စစ်ဘေးရှောင်လူဦးရေ၏ အရေးပါသော ပမာဏအတော်များ များကို ပြန်ပို့နိုင်ရေးနှင့် ပြန်လည်နေရာချထားနိုင်ရေးတွင် တာဝန်ယူမှုရှိရှိစတင်နိုင်ရန် အခွင့်အလမ်းမှာ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုကာလအတွင်း ရှားရှားပါးပါးထွက်ပေါ်လာရသော အခွင့်အ လမ်းကောင်းဖြစ်သည်။ ပါဝင်နေကြသော အဖွဲ့များသည် ထိုအခွင့်ကောင်းကို အမိအရ ဆုတ်ကိုင်၍ ရလဒ်ကောင်းထွက်အောင် လုပ်ဆောင်သင့်သည်။

**ရန်ကုန်/ဘရပ်ဆဲလ်စ်၊ ၂၀၁၉ မေလ ၂၂ ရက်**

## နောက်ဆက်တွဲ က – ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မှ ပြည်တွင်းအိုးအိမ်စွန့်ခွာ ထွက်ပြေးရသူများ




.

International Crisis Group

**Headquarters**
Avenue Louise 149, 1050 Brussels, Belgium
Tel: +32 2 502 90 38. Fax: +32 2 502 50 38
brussels@crisisgroup.org

**New York Office**
newyork@crisisgroup.org

**Washington Office**
washington@crisisgroup.org

**London Office**
london@crisisgroup.org

**Regional Offices and Field Representation**
Crisis Group also operates out of over 25 locations in Africa, Asia, Europe, the Middle East and Latin America.

**See www.crisisgroup.org for details**

*PREVENTING WAR. SHAPING PEACE.*